# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၆)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟယ်လင်းနစ်နိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၀ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကရိုလို့စ်၊ ပါပူးလီယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## အသက်ကို စွန့်လွှတ်ရခြင်းထက် ကြီးမြတ်သောဂုဏ်မရှိ

ငါတို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အသက်ကိုစွန့်လွှတ်ဖို့ သစ္စာအဓိဋ္ဌာန်ပြုထားကြသူတွေ ဖြစ်တယ်။ တိုင်းပြည်အတွက် အသက်ကို စွန့်လွှတ်ရခြင်းထက် ကြီးမြတ်တဲ့ ဂုဏ်ဆိုတာမရှိကြောင်း ခံယူထားကြသူတွေ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၉) သင်တန်းဆင်းပွဲ မိန့်ခွန်းမှ—

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟယ်လင်းနစ်နိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၀ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့(ချ်)အေ ပါပန်ဒရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကျင်းပဖို့ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ကြေညာထားပြီးဖြစ် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ပေးရတော့မည်

## တိုင်းချစ် ပြည်ချစ်စိတ်ရှိသည့် လူကောင်းလူတော်များ ရွေးချယ်သွားကြရန် လိုအပ်

နေပြည်တော် မတ် ၂၄

၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်ခဲ့သည့် ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဖောခိကုန်းကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် *စာမျက်နှာ ၄ ကော်လံ ၁* ●

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၅ ရက်)

# နိုင်ငံတော်အစိုးရ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ သယ်ပိုးစွမ်းဆောင် အမျိုးသားရေးပန်းတိုင်အရောက် ညီညာဖြဖြ လျှောက်လှမ်း

တပ်မတော်ဟူသည် အမျိုးသားရေးလုပ်ငန်းစဉ်ကိစ္စများအနက်မှ အရေးကြီးဆုံးသော၊ အသက်တမျှအရေးကြီးလှသော၊ အမျိုးသားရေး အကျိုးစီးပွားဆိုင်ရာကိစ္စများကို ထမ်းဆောင်ရသော အဖွဲ့အစည်းဖြစ်သည်။

တပ်မတော်တစ်ရပ်အနေဖြင့် အမျိုးသားရေးအတွက် ထမ်းဆောင်ရသောတာဝန်များမှာ များပြားလှသည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးဟူသည့်အချက်များပါဝင်သည့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် အခိုင်အမာကာကွယ်စောင့်ရှောက်သွားရန်သည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည်။

နိုင်ငံတော်၌ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက်လည်း လိုအပ်သလို ဆောင်ရွက်ရပေသည်။ ဝေးလံခေါင်ဖျား၌ သွားလာဆက်သွယ် သယ်ယူပို့ဆောင်ရေးခက်ခဲသော နယ်စွန်နယ်ဖျား ကျေးလက်ဒေသများနှင့် ဖွံ့ဖြိုးတိုးတက်သော မြို့ပြဒေသများအကြား ကွာဟချက်နည်းပါးစေရန်၊ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရန် တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နေသည်မှာလည်း တပ်မတော်ပင်ဖြစ်သည်။

နိုင်ငံတော်၌ သဘာဝဘေးအန္တရာယ်အပါအဝင် အခြားတစ်ပါးသော ဘေးအန္တရာယ်များ ကျရောက်သည့်အခါမျိုး၌လည်း တပ်မတော်သည် ပါဝင်ကူညီဆောင်ရွက်မြဲဖြစ်သည်။ တပ်မတော်သည် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံနှင့်လူမျိုး အကျိုးအတွက် ဦးထိပ်ပန်ဆင်ဆောင်ရွက်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် တပ်မတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခဲ့ရာ တစ်မျိုးသားလုံးမျှော်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး မကြာမီ ငွားငွားစွင့်စွင့် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် လက်တွဲညီညီ သယ်ပိုးစွမ်းဆောင်နိုင်သည်နှင့်အမျှ ရည်မှန်းထားသည့် အမျိုးသားရေးပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၂၆-၃-၂၀၁၀

| | |
|---|---|
| ၀၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၀၇း၀၅ | တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ |
| ၀၇း၂၀ | (၃၈)ဖြာမင်္ဂလာ |
| ၀၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၀၈း၀၀ | စံတော်ချိန် + သတင်း ဆောင်းပါး |
| ၀၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၀၈း၃၀ | ပြောပါရစေရှင် (ဂုဏ်ထည်မြင့်မြတ်ပါပေတယ်) |
| ၀၈း၃၅ | တေးပဒေသာ |
| ၁၀း၀၀ | သောတရှင်လိုရာတေး |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၄၀ | တူယှဉ်သီကြွေး စုံတွဲတေး |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | နေ့လယ်ခင်း တေးပဒေသာ |
| ၁၁း၃၀ | လေလှိုင်းကြားက ပွဲတင်သံ |
| ၁၁း၄၅ | နေ့လယ်ခင်း တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် ဆိုကြပျော်ရှင် တေးသံစဉ် Intermediate Level (15) |
| ၁၂း၁၀ | အလုပ်အကိုင် အခွင့်အလမ်း |
| ၁၂း၂၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၃း၃၀ | အစီအစဉ်ပြီး၏။ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၂၀ | ဆောင်းပါး |
| ၁၆း၃၀ | စစ်သည်အတွက် တေးလက်ဆောင် |
| ၁၇း၀၀ | Music Talk (16) တေးပဒေသာ |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၀ | တေးပဒေသာ |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက် |
| ၁၈း၄၅ | တေးပဒေသာ |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၁၀ | ညချမ်းချိန်ခါ တေးပဒေသာ |
| ၁၉း၂၅ | ဇာတ်လမ်းပမာ နားဆင်စရာ **(အမုန်းလှလှ မုန်းပြပါ)** |
| ၁၉း၄၅ | တေးပဒေသာ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၁၀ | အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (ခင်ညွန့်ရီ) စီးပွားရေးဦးတည်ချက် တေးပဒေသာ |
| ၂၁း၀၀ | ဆောင်းပါး (ပညာရှိခြင်းအကျိုး ပညာမဲ့ခြင်းအပြစ်) |
| ၂၁း၀၅ | ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ |
| ၂၂း၀၀ | အစီအစဉ်ပြီး၏။ |

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဟံသာဝတီလမ်း လေးလမ်းသွားကွန်ကရစ်လမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

## (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ရန်ကုန်မြို့ ဟံသာဝတီလမ်း လေးလမ်းသွား ကွန်ကရစ်လမ်းမကြီးဖွင့်

ရန်ကုန် မတ် ၂၄

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ ဟံသာဝတီလမ်း လေးလမ်းသွားကွန်ကရစ်လမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက် နံနက် ၇နာရီက အဆိုပါလမ်းထိပ်ရှိ မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ချီးမြှင့်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ကွန်ကရစ်လမ်းခင်းကျင်းမှုနှင့် စပ်လျဉ်းသည့် မှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုအားပေးကြပြီး လမ်းတစ်လျှောက် ဖြတ်သန်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဗီဒီယိုလုပ်ငန်းဆိုင်ရာများ အသိပေးရှင်းလင်းဆွေးနွေး

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်မှူးတို့ ပါဝင်သော အဖွဲ့သည် မတ် ၂၀ရက် နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဗီဒီယိုလုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာဆောင်ရွက်ရေးနှင့် ပြစ်မှု ပြစ်ဒဏ်များအကြောင်းကို အသိပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## (၂၅၅)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖွင့်လှစ်ပေးမည်

*ရန်ကုန် မတ် ၂၄*

*(၂၅၅)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် အမှတ် ၃၄၈ ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ ဧပြီ ၁ရက် နံနက် ၈နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။*

*တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၃ဆု၊ ငွေကျပ် ၁၀သိန်း ၂၈၆ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ဆု၊ ငွေကျပ်နှစ်သိန်း ဆု ၁၂၆၀၊ ငွေကျပ် တစ်သိန်း ၁၂၃၅၄ ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖြစ်ကြောင်း သတင်းရရှိသည်။* **(သတင်းစဉ်)**

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မတ် ၂၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

### အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၂၄ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၆၇၀ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၅၄၃၃ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၀၆၇၀ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၆၅၄၃၃ ဦး |

(အင်တာနက်)

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် မတ် ၂၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

### အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၂၄ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၀၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၁၃၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၂၇၀၂ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ | ၃၉၁၃၄ ဦး |

(အင်တာနက်)

## အိုင်ယာလန်သမ္မတ တူရကီရောက်ရှိ

အစ္စတန်ဘူလ် မတ် ၂၄

အိုင်ယာလန်သမ္မတ မေရီမိုက်အလီဆီသည် တူရကီနိုင်ငံတွင် ငါးရက်ကြာ လည်ပတ်ရန် အစ္စတန်ဘူလ်မြို့သို့ မတ် ၂၂ ရက်က ရောက်ရှိခဲ့သည်ဟု သတင်းရရှိသည်။

မိုက်အလီဆီအား တူရကီပညာရေးဝန်ကြီးနှင့် အစ္စတန်ဘူလ် ဒုတိယအုပ်ချုပ်ရေးမှူးတို့က လေဆိပ်ရှိ အစိုးရဧည့်ဂေဟာ၌ ခရီးဦးကြိုဆိုသည်။

**ကြေညာ**

အိုင်ယာလန်သမ္မတသည် တူရကီသမ္မတ အဗ္ဗဒူလာဂါးလ်နှင့် မတ် ၂၃ရက်က တွေ့ဆုံဆွေးနွေးကြသည်။

ထို့ပြင် တူရကီနိုင်ငံတွင် မတ် ၂၆ ရက်အထိ နေထိုင်သွားမည်ဟု တူရကီအစိုးရ အာဘော်တစ်ပိုင်းဖြစ်သော အနာတိုလီယာ သတင်းဌာနက ကြေညာသည်။

**အမှတ်တရဂုဏ်ပြု**

ယင်းနောက် ဧည့်သည်တော်သမ္မတသည် တူရကီနိုင်ငံ မြို့တော်အင်ကာရာ၌ ဆွေးနွေးပွဲများ ပြုလုပ်ပြီးနောက် တူရကီနိုင်ငံမြောက်ပိုင်း ကာနာကာလေပြည်နယ်သို့ ခရီးဆက်ကာ ပထမကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့ကြသည့် အိုင်ယာလန်စစ်သည်များအား အမှတ်တရဂုဏ်ပြုပွဲ ကျင်းပမည်ဟု သိရသည်။

(အင်တာနက်)

တရုတ်နိုင်ငံမြောက်ပိုင်း တန်ကျင်းမြို့ရှိ အေ-၃၂၀ အဲဘတ်စ်လေယာဉ် ထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မတ် ၂၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## အမေရိကန် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဥပဒေမူကြမ်း

## သမ္မတအိုဘားမားလက်မှတ်ရေးထိုး

ဝါရှင်တန် မတ် ၂၄

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် မကြာသေးမီက အတည်ပြုလိုက်သည့် ကျန်းမာရေးဆိုင်ရာ ဥပဒေမူကြမ်းကို မတ် ၂၃ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ကြောင်း အမေရိကန်သမ္မတအိမ်ဖြူတော်က မတ် ၂၂ရက်၌ ကြေညာသည်။

**တက်ရောက်**

ထို့အပြင် အဆိုပါဥပဒေမူကြမ်းကို လက်ခံအတည်ပြုသည့် အထက်နှင့်အောက်လွှတ်တော် နှစ်ရပ်စလုံးမှ ထောက်ခံသူတိုင်း လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**ပြောကြား**

အဆိုပါ ကျန်းမာရေးဆိုင်ရာ သမိုင်းဝင်ဥပဒေမူကြမ်း လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ်၂၃ရက်တွင် ကျင်းပခဲ့ကြောင်း အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ်ရောဘတ်ဂစ်က ပုံမှန်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

**ကျင်းပ**

ယင်းအခမ်းအနားကို အိမ်ဖြူတော် တောင်ဘက်မြက်ခင်းပြင်၌ ကျင်းပနေကျအတိုင်း ကျင်းပသွားရန်ဖြစ်သော်လည်း မိုးရွာသွန်းမှုကြောင့် ပြည်ထဲရေးဝန်ကြီးဌာနတွင် ကျင်းပရသည်ဟု သတင်း၌ဖော်ပြသည်။

(အင်တာနက်)

## ကမ္ဘာ့မြို့ပြရေးရာ ဖိုရမ်စတင်ကျင်းပ

## ဘရာဇီးတိုးတက်ရေးဆောင်ရွက်မှု ကြည့်ရှုရန်ဖိတ်ကြား

ရီယိုဒီဂျနေးရိုး မတ် ၂၄

**မြို့ပြစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ အိမ်ရာဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြို့ကြီးပြကြီးများတွင်ဖြစ်တတ်သည့် အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များနှင့် မြို့ပြထူထောင်မှု၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးညှိနှိုင်းရေးအတွက် ပဉ္စမအကြိမ် ကုလသမဂ္ဂလူသားများ နေရာချထားရေးအစီအစဉ်(ယူအင်န်ဟာဘီတက်) ကမ္ဘာ့မြို့ပြရေးရာဖိုရမ်ကို ဘရာဇီးနိုင်ငံ မြို့တော်ရီယိုဒီဂျနေးရိုးတွင် မတ် ၂၂ရက်က စတင်ကျင်းပသည်။**

ခုနစ်နှစ်တာ ကာလအတွင်း မိမိသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေစဉ် အခြေခံအဆောက်အအုံများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ ဘရာဇီးသမ္မတ လူဝစ်အင်နာစီယိုလူလာဒါဆီးလ်ဗားက အလေးအနက်ထား ပြောကြားသည်။ ယင်းအဆောက်အအုံ တည်ဆောက်မှုများသည် မနှိုင်းယှဉ်သာလောက်အောင် အမြောက်အမြားရှိခဲ့ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။

ရီယိုမြို့စွန် ဆင်းရဲသားရပ်ကွက်တွင် မိလ္လာသန့်ရှင်းရေးစနစ်များနှင့် အခြေခံအဆောက်အအုံများ၌ ပြုလုပ်ထားသည့် မြောက်မြားလှစွာသော ခေတ်မီတိုးတက်မှုများကို ကိုယ်တိုင်တွေ့မြင် သိရှိနိုင်ရေးအတွက် ရီယိုမြို့စွန်မှ ဆင်းရဲသားရပ်ကွက်သို့ လာရောက်လည်ပတ်ကြည့်ရှုကြရန် ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်သည့် နိုင်ငံခြားသား ဧည့်သည်များကို ဘရာဇီးသမ္မတက ဖိတ်ကြားလိုက်သည်။

(အင်တာနက်)

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် တရုတ်ဘာသာစကားနှစ် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား၌ အလှမယ်များ ဖျော်ဖြေတင်ဆက်နေသည်ကို မတ် ၂၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## အမေရိကန်သည် ကတိမတည် ပျက်ကွက်ဟု အီရန်ခေါင်းဆောင်တစ်ဦး စွပ်စွဲပြောကြား

တီဟီရန် မတ် ၂၄

အမေရိကန်နိုင်ငံသည် အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံနှင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေး ထူထောင်မည်ဟူသော ယင်း၏ကတိအတိုင်း လက်တွေ့အကောင်အထည်ဖော်ရန် ပျက်ကွက်နေကြောင်း အီရန်နိုင်ငံမှ ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမေနီက မတ် ၂၁ရက်တွင် ပြောကြားလိုက်သည်ဟု အီရန်နိုင်ငံရုပ်မြင်သံကြား ပြန်ကြားရေးအစီအစဉ် ဂြိုဟ်တုသတင်း ထုတ်လွှင့်ချက်၌ ထုတ်ပြန်ကြေညာသွားသည်။

**မိန့်ခွန်းမြွက်ကြား**

အမေရိကန်အစိုးရသစ်နှင့် သမ္မတတို့သည် တရားမျှတသည့် ဆက်ဆံမှုများ ပြုလုပ်လိုသည်ဟု ကြေညာထားကြောင်း၊ အစ္စလာမ္မစ်သမ္မတနိုင်ငံနှင့် ပုံမှန်ဆက်ဆံလိုသည်ဟု အသိပေးခဲ့ကြောင်း၊ လက်တွေ့တွင်မူ အပြောနှင့်အလုပ် မညီညွတ်ကြောင်း ခါမေနီက အီရန်ပြည်သူများအား နှစ်သစ်ကူးမိန့်ခွန်းမြွက်ကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

**အောင်မြင်မှုမရ**

အမေရိကန်တို့သည် အီရန်ပြည်သူများကို သွေးခွဲရန် အပြင်းအထန် ကြိုးစားကြသည့်တိုင်အောင် အောင်မြင်မှုမရကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။

(အင်တာနက်)

## စင်ကာပူနှင့် တရုတ်ဇီကျန်ပြည်နယ် စီးပွားရေးသဘောတူညီချက်များ လက်မှတ်ရေးထိုး

*စင်ကာပူ မတ် ၂၄*

*စင်ကာပူကုမ္ပဏီများနှင့် တရုတ်နိုင်ငံဇီကျန်ပြည်နယ်အစိုးရတို့သည် ဆဋ္ဌမအကြိမ် စင်ကာပူ-ဇီကျန်စီးပွားရေးနှင့် ကုန်သွယ်ရေးကောင်စီအစည်းအဝေးတွင် သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းကြောင့် စင်ကာပူနှင့် ဇီကျန်ပြည်နယ်အတွင်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍသည် မြင့်မားလျက်ရှိကြောင်း အင်တာနက်သတင်းအရ သိရသည်။*

***ဆောင်ရွက်သွားမည်***

*အဆိုပါအစည်းအဝေးတွင် ကောင်စီက ၂၀၁၀-၂၀၁၁ခုနှစ် လုပ်ငန်းအစီအစဉ်ကို သဘောတူညီကြသည်။ ယင်း အစီအစဉ်အရ ကုန်သွယ်ရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေး၊ သတင်းဆက်သွယ်ပြန်ကြားရေးနည်းပညာ၊ ခရီးသွားလုပ်ငန်းနှင့် ခေတ်ပေါ်ဝန်ဆောင်မှုလုပ်ငန်းများ စသည့်အဓိကကျသည့် ကဏ္ဍခြောက်ရပ်အပေါ် အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။* ***(အင်တာနက်)***

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### သြစတြေးလျအနောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

*သြစတြေးလျနိုင်ငံအနောက်ပိုင်း ပက်သ်မြို့တွင် မတ်၂၄ရက်နံနက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးပြီး ရေလွှမ်းခြင်း၊ မြေပြိုခြင်းနှင့် လေယာဉ်ခရီးစဉ်များဖျက်သိမ်းခဲ့ရကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သင်္ဘောများ သောင်တင်မှုများဖြစ်ခဲ့ကြောင်း သြစတြေးလျအရာရှိများက မတ်၂၄ရက်၌ ပြောကြားသည်။* ***(အောက်ပုံ)***

### တူရကီသင်္ဘော ဆိုမာလီဓားပြများအပိုင်စီး

*ဆိုမာလီနိုင်ငံကမ်းလွန်တွင် သင်္ဘောသား၁၉ဦးပါရှိသော တူရကီသင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက မတ်၂၄ရက်၌ အပိုင်စီးသွားခဲ့ကြောင်း၊ အပိုင်စီးခံရပြီးနောက် အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း တူရကီသင်္ဘောကုမ္ပဏီမှအရာရှိများက ပြောကြားသည်။*

### ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

*ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအင်ဂါမြို့တွင် မတ်၂၄ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။*

### ချီလီ၌ နိုင်ငံတကာလေကြောင်းပြပွဲကျင်းပ

*ချီလီနိုင်ငံ စန်တီရာဂိုမြို့၌ (၁၆)ကြိမ်မြောက် နိုင်ငံတကာလေကြောင်းပြပွဲကို မတ် ၂၄ရက်က ကျင်းပခဲ့ကြောင်း၊ နိုင်ငံပေါင်း ၄၀မှ ကုမ္ပဏီပေါင်း ၄၀၀ခန့်က လေယာဉ်များ ပါဝင်စွမ်းရည်ပြသခဲ့ကြောင်း ချီလီအရာရှိများက ပြောကြားသည်။*

### ဂရိနိုင်ငံ ဟာရက်လီရွန်မြို့၌ လေယာဉ်ပျက်ကျ

*ဂရိနိုင်ငံ ဟာရက်လီရွန်မြို့ရှိ ကတ်တီလီလေဆိပ်တွင် မတ် ၂၄ရက်က လေကြောင်းစွမ်းရည်ပြပွဲ ပြုလုပ်စဉ် ဗြိတိသျှလေတပ်မှ လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူးများ အချိန်မီထွက်နိုင်ခဲ့ကြောင်း ဂရိလေကြောင်းအရာရှိများက ပြောကြားသည်။*

### တရုတ်ဒုတိယသမ္မတနှင့် ပါလက်စတိုင်းဝန်ကြီးချုပ်တွေ့ဆုံ

*တရုတ်နိုင်ငံ ဒုတိယသမ္မတဟောလန်းယူသည် ရာမာလာမြို့၌ ပါလက်စတိုင်းဝန်ကြီးချုပ် ဆလမ်ဖေးယတ်နှင့် မတ် ၂၄ရက်က တွေ့ဆုံကာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ရန် ဆွေးနွေးကြကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

### ချီလီနိုင်ငံ စန်တီရာဂိုမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

*ချီလီနိုင်ငံ စန်တီရာဂိုမြို့ရှိ လေကြောင်းလိုင်းကုမ္ပဏီတစ်ခု၏ အဆောက်အအုံတစ်ခု၌ မတ် ၂၄ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရမှုမရှိသော်လည်း အဆောက်အအုံပျက်စီးမှုရှိခဲ့ကြောင်း စန်တီရာဂိုမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။*

### ဗီယက်နမ်နှင့်ရုရှား စစ်ရေးပူးပေါင်းမည်

*ဗီယက်နမ်နှင့်ရုရှားနိုင်ငံတို့သည် အနာဂတ်ကာလတွင် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နယ်ပယ်စုံတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်သမ္မတက မတ်၂၄ရက်၌ ပြောကြားသည်။*

### အီရန်နှင့်ဆီးရီးယား လက်ဘနွန်ကိုကူညီမည်

*အီရန်နှင့်ဆီးရီးယားနှစ်နိုင်ငံတို့က လက်ဘနွန်နိုင်ငံကို နယ်ပယ်ကဏ္ဍစုံတွင် အကူအညီပေးမည်ဖြစ်ကြောင်း၊ ထိုသို့အကူအညီပေးမည့် စာချွန်လွှာကို မိမိလက်ခံရရှိကြောင်း လက်ဘနွန်သမ္မတ ဆူလီမန်က မတ် ၂၄ရက်၌ ထုတ်ဖော်ပြောကြားသည်။*

*(အင်တာနက်)*

# ပြည်ထောင်စု၏ အရှေ့-အနောက်၊ တောင်-မြောက် နေရာအနှံ့ လွယ်ကူစွာသွားလာနိုင်စေရန် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း ဆက်သွယ်မှု ကွန်ရက်များကို ကြိုးပမ်းတည်ဆောက်ခဲ့

● ရှေ့ဖုံးမှ

တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### တက်ရောက်

လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် အိုးစည်ဒိုးပတ် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ပြည်-ပေါက်ခေါင်း-တောင်ငူ ကားလမ်းသည် အလယ်ရိုးမကို ဖြတ်ကျော်ဖောက်လုပ်ခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့ပြီဖြစ်သော်လည်း ယခင်က သောင်းကျန်းသူများ အန္တရာယ်ရှိခဲ့သည့်အပြင် မြေပြင် အနေအထားအရ အတက်အဆင်း များပြားမှု၊ တောတောင်ထူထပ်မှုတို့ကြောင့် တိုင်းရင်းသား ပြည်သူများ စိတ်ချလက်ချ သွားလာအသုံးပြုနိုင်သည့် လမ်းအဆင့်ကို ရောက်ရှိလာခဲ့ခြင်းမရှိခဲ့ဘဲ သာမန်လမ်းအဆင့်မျှသာ ရှိခဲ့ခြင်းဖြစ်ကြောင်း။

### လွယ်ကူစွာသွားလာနိုင်ပြီ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုကြောင့် ယခုအခါတွင် မိုင်ပေါင်း ၁၂၀ ကျော်ရှိသည့် ဤကားလမ်းကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ပြုပြင်ဖောက်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ယခင်က ပဲခူးတိုင်းအနောက်ခြမ်း ပြည်မြို့မှ ပဲခူးတိုင်းအရှေ့ခြမ်း တောင်ငူကို လာမည်ဆိုလျှင် ရန်ကုန်မှတစ်ဆင့် ကွေ့ပတ်၍ မိုင်ပေါင်း ၃၀၀ကျော်ကို ရှစ်နာရီကျော် သွားခဲ့ရပြီး နီးလျက်နှင့်ဝေးဆိုသကဲ့သို့ ဖြစ်ခဲ့ရကြောင်း၊ တိုင်းတစ်တိုင်းတည်းတွင်ရှိနေပြီး ပဲခူးတိုင်း အရှေ့ခြမ်းနှင့် အနောက်ခြမ်းသည် အလယ်ရိုးမကြီး ခြားထားသည့်အတွက် ကူးလူးဆက်ဆံရာ၌ အခက်အခဲများရှိခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းတစ်တိုင်းတည်းမှာပင် ဖွံ့ဖြိုးတိုးတက်မှုများ မညီမမျှ ဖြစ်ခဲ့ရသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုဆိုလျှင် မိုင် ၁၂၀ကျော်ကို လေးနာရီကျော်ခန့်ဖြင့် လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သကဲ့သို့ ပဲခူးတိုင်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းသည် တပေါင်းတစည်းတည်း ဖြစ်လာပြီဖြစ်ကြောင်း။

ပြည်-ပေါက်ခေါင်း-တောင်ငူ ကားလမ်းကဲ့သို့ အလားတူ ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်သည့် နေပြည်တော်-

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

တောင်ညို-တောင်တွင်းကြီး ကားလမ်းဟောင်းကိုလည်း အဆင့်မြှင့်တင်လျက်ရှိသကဲ့သို့ ကားလမ်းအသစ်အဖြစ် နေပြည်တော်-တောင်ညို-မြို့သစ်လမ်းကိုလည်း စတင်ဖောက်လုပ်လျက်ရှိကြောင်း။

လိုက်သာရှိပြီး အရှေ့-အနောက် ဖြတ်လမ်းများသည် အလွန်နည်းပါးကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော်၏ ရေမြေသဘာဝ အနေအထားအရ လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် ကားလမ်းနှင့် ရထားလမ်းအများစုသည် တောင်-မြောက် အလျား

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို အထူးအလေးထား ဆောင်ရွက်ခဲ့

ကြောင်း၊ ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက် နေရာဒေသအနှံ့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်အောင် ကားလမ်း၊ ရထားလမ်း၊ လေကြောင်း၊ ရေကြောင်း၊ တယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်များကို တစ်ပြိုင်တည်း ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းသို့ ကြိုးပမ်းတည်ဆောက်မှုများကြောင့် အရှေ့-အနောက်၊ တောင်-

မြောက် လမ်းသစ်ကြီးများ ပေါ်ထွက်လာခဲ့ပြီ ဖြစ်ကြောင်း၊ ရန်ကုန်-စစ်တွေကားလမ်း၊ ရန်ကုန်-ကျော့သောင်းကားလမ်း၊ ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းကားလမ်း၊

နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း၊ မြစ်ကြီးနား-ပူတာအိုလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း စသည့် ကားလမ်းများကို ပြည်သူများလက်ရှိ အသုံးပြုနေကြပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ကားလမ်းသစ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်နေသကဲ့သို့ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် အခြားအဖွဲ့အစည်းများကလည်း ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်ပြီးသည့် လမ်းများမှာ ယခုအခါ မိုင်ပေါင်း ၂၁၃၆၁ မိုင်ကျော် ရှိသည့်အတွက် ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ကားလမ်းမိုင် ၇၇၀၀ကျော် တိုးချဲ့ ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ အခြား ဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်ပေးမှုများနှင့် ပေါင်းလိုက်လျှင် ကားလမ်းမိုင်ပေါင်းသည် ခုနစ်သောင်းကျော်အထိ ရှိလာနေပြီဖြစ်ကြောင်း၊ အလားတူ အမျိုးသား ရထားလမ်းကွန်ရက်များကိုလည်း ပြည်နယ်၊ တိုင်းအားလုံးနှင့် ဆက်စပ်လွှမ်းခြုံနိုင်အောင် တိုးချဲ့တည်ဆောက်လျက်ရှိပြီး ယခုအခါ ပဲခူးရိုးမကို ဖြတ်ကျော်သည့် ပြည်-ပေါက်ခေါင်း-တောင်ငူ ရထားလမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း။

### အစီအရီပေါ်ထွက်

ကားလမ်းနှင့် ရထားလမ်းများ တိုးချဲ့တည်ဆောက်မှုနှင့်အတူ မြစ်ကူးတံတား

*စာမျက်နှာ ၅ ကော်လံ ၁*

**ပြည်-ပေါက်ခေါင်း-တောင်ငူ လမ်းသစ်ဖောက်လုပ်ဆဲကာလက လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

# ပြည်-ပေါက်ခေါင်း-တောင်ငူ ကားလမ်း
# ကတ္တရာလမ်း အဆင့်မြှင့် ပြုပြင်ဖောက်လုပ်ခဲ့ မိုင် ၁၂၀ကျော်ကို လေးနာရီကျော်ခန့်ဖြင့် သွားလာနိုင်ပြီ

*စာမျက်နှာ ၄ မှ*

သစ်ကြီးများကိုလည်း တည်ဆောက်လျက်ရှိရာတွင် ရောဝတီမြစ်ကူးတံတားသစ်ရှစ်စင်း တည်ဆောက်ပြီးစီးခဲ့ပြီး ယခုအခါ စင်းခန်းတံတား၊ ရတနာသိင်္ဃတံတား၊ ပခုက္ကူတံတား၊ မလွန်တံတားနှင့် ညောင်တုန်းတံတားစသည့် ဧရာဝတီမြစ်ကူးတံတားငါးစင်းကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြစ်ကြီးများ၊ ချောင်းကြီးများသည် ယနေ့ခေတ်တွင် သွားလာရေးအတွက် ခက်ခဲသည့် အတားအဆီးများ ဖြစ်မနေတော့ဘဲ နိုင်ငံတော်၏ ဦးဆောင်မှု၊ ဝန်ထမ်းများ၏ ကြိုးစားပမ်းစား လုပ်ကိုင်မှု၊ ကျွမ်းကျင်မှုနှင့် ပြည်သူများ၏ ကူညီမှုတို့ကြောင့် တံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီပေါ်ထွက်လာပြီဖြစ်ကြောင်း။

ယခုကဲ့သို့ လမ်းများ၊ တံတားများကို မနေမနား တည်ဆောက်နေခြင်းသည် မိမိတို့နိုင်ငံသား တိုင်းရင်းသားအားလုံး၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားပြီး အဆင့်အတန်းရှိရှိ သွားလာနေထိုင်နိုင်ရေး၊ စိတ်အေးချမ်းသာစွာ လွယ်လင့်တကူ ကူးလူးဆက်ဆံသွားလာနိုင်ရေး၊ ကုန်စည် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးစည်ပင်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား မညီမမျှ ကွာဟနေမှုများ လျော့နည်းကျဆင်းရေး၊ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှု များပြားကာ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာရေး စသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် လုပ်ကိုင် ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် ပြည်-ပေါက်ခေါင်း - တောင်ငူလမ်းသည် ဤမွန်မြတ်သည့် ရည်ရွယ်ချက်များ အရင်းခံပြီး ကြိုးစားလုပ်ဆောင်မှု၏ အသီးအပွင့် တစ်ခုပင်ဖြစ်ကြောင်း။

## ဘက်စုံဖွံ့ဖြိုး

တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ကို လက်ခံရယူခဲ့ချိန်မှစပြီး လက်ရှိအချိန်အထိ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ခေတ်နောက်ကျနေသည့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တိုးတက်ပြောင်းလဲလာအောင် တည်ဆောက်ရာတွင် ကားလမ်း၊ ရထားလမ်းစသည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးဖို့ အရေးကြီးသကဲ့သို့ အခြားဆက်စပ်နီးနွယ်နေသည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍတို့ကိုလည်း ပြုပြင်ပြောင်းလဲ တိုးချဲ့တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ တိုင်းပြည်ကို တည်ဆောက်သည်ဆိုသည်မှာ စကားလုံးများ၊ အပြောသက်သက်များနှင့်သာ တည်ဆောက်နေရုံဖြင့် မရဘဲ ကဏ္ဍစုံ၊ ဘက်စုံ ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား လက်တွေ့ကျကျ တည်ဆောက်ရခြင်းမျိုးဖြစ်ကြောင်း၊ ဘက်စုံတည်ဆောက်ရသကဲ့သို့ပင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးပြကြီးများကိုကွက်ပြီး ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာအောင် တည်ဆောက်နေ၍မပြီးဘဲ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး၊ ပြည်နယ်နှင့် တိုင်းအားလုံး တစ်ပြိုင်တည်း ညီညွတ်မျှတစွာ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာအောင် ရေတို၊ ရေရှည် စီမံကိန်းများနှင့် စနစ်တကျ တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုရာ၌လည်း လူမှုစီးပွားရေးသာမက ပညာရေး၊ ကျန်းမာရေး၊ တစ်ဦးချင်း ဝင်ငွေတိုးတက်မြင့်မားရေး၊ သက်သာချောင်ချိမှုရှိရေးစသည့် ဆက်စပ်ဆက်နွယ်နေသည့် ကဏ္ဍပေါင်းစုံ၊ ထောင့်စုံတိုးတက်မြင့်မားလာအောင် ဖန်တီးဖော်ဆောင် တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း၊ တစ်တိုင်းတစ်ပြည်လုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု ပိုင်းခြားသတ်မှတ် ဆောင်ရွက်ခဲ့ရာတွင် ပဲခူးတိုင်းမှာဆိုလျှင် ပဲခူးနှင့် ပြည် အရှေ့အနောက် နှစ်ဖက်စလုံး ဗဟိုပြုပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့်လည်း ပြည်ထောင်စုကြီး၏ နယ်စပ်ဒေသများပါမကျန် နေရာဒေသအားလုံး၌ လမ်းများ၊ တံတားများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် စာသင်ကျောင်းများ အပြိုင်အဆိုင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း။

## အကျိုးရှိရှိ အသုံးချ

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ စဉ်ဆက်မပြတ် မြင့်မားနေရေးကို ဦးတည်သည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင် ကိုယ့်ခွန် ကိုယ့်အားအပေါ်အခြေခံပြီး ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်သဘာဝသယံဇာတ အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချပြီး ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်အတတ်ပညာ၊ ကိုယ်ပိုင်စွမ်းအားများဖြင့် တည်ဆောက်နိုင်မှလည်း ရေရှည်အကျိုးခံစားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အနာဂတ်အတွက် အစစအရာရာ အခြေခိုင်မာနေမည်ဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် နောင်လာနောက်သား မျိုးဆက်သစ်များ စိတ်အေးချမ်းသာစွာ နိုင်ငံ့တာဝန်များကို ဆက်လက်ထိန်းသိမ်း ထမ်းဆောင်နိုင်ရန်အတွက် ဒေသအလိုက် စီးပွားရေးခိုင်မာဖူလုံရေး၊ နိုင်ငံတော်၏ အမျိုးသားစီးပွားရေး တောင့်တင်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကိုယ်ပိုင်အမျိုးသားစွမ်းရည်များ တိုးတက်ရေးတို့ကို အထူးအလေးထား တည်ဆောက်ကြရန် အရေးကြီးကြောင်းကို ပြောကြားလိုကြောင်း။

## ဖန်တီးဖော်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် အခြေခံလိုအပ်ချက် (၅)ရပ်ဖြစ်သည့် လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်၊ အရင်းအနှီး၊ နည်းပညာနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တို့ကို အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာအောင် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ချောမွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖန်တီးဖော်ဆောင်ပေးနေပြီဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများ ကျင်းပဖို့လိုအပ်မည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့်အတွက် မကြာခင်ကာလတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပေးရတော့မည်ဖြစ်ကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူကောင်း လူတော်များကို ရွေးချယ်သွားကြရန် လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

# (၆၅)နှစ်မြောက် တပ်မတော်နေ့
## ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသစ်တွင် ကတ္တရာလမ်းခင်းခြင်း ပြီးစီးနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

## ပြုစုစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ပဲခူးတိုင်း အနောက်ခြမ်းနှင့် အရှေ့ခြမ်း ဆက်သွယ်ပြီး နေပြည်တော်အထိ လွယ်လင့်တကူ သွားလာနိုင်သည့် ယခုမော်တော်ကားလမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြပါ၊ ပဲခူးရိုးမ၏ သဘာဝသယံဇာတများကိုလည်း သားစဉ်မြေးဆက်အထိ ရှင်သန်နေအောင် ပြုစုစောင့်ရှောက်ကြပါ၊ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေး လုပ်ငန်းတာဝန်များ မလွဲမသွေ အောင်မြင်ရမည်ဟူသော ယုံကြည်ချက် သန္နိဋ္ဌာန်စိတ်ဖြင့် စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

## ဖြန့်ကြက်တည်ဆောက်

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှမင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးသည် အခြေခံကျသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်နှင့်အညီ နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသများပါမကျန် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် နေ့မအား ညမနား ဆောင်ရွက်ခဲ့ကြသဖြင့် ယခုဆိုလျှင် အခြေခံအုတ်မြစ်ရလဒ်ကောင်းများကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း။

ပဲခူးတိုင်း၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ယခင်က ကတ္တရာလမ်း ၇၀၇ မိုင်၊ ကျောက်လမ်း ၂၄ မိုင်၊ အမာခံလမ်း မိုင် ၈၀၊ မြေလမ်း ၄ မိုင် စုစုပေါင်း ၈၁၅ မိုင် ရှိခဲ့ရာမှ ယခုလမ်းသစ် ဖွင့်လှစ်ချိန်တွင် ကတ္တရာလမ်း ၉၂၂မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၁၅၃ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၁၉၅ မိုင် ၆ဖာလုံ၊ မြေလမ်း ၈၄မိုင် ၅ဖာလုံ စုစုပေါင်း ၁၃၅၆မိုင် ၆ဖာလုံ ရှိလာပြီဖြစ်ရာ ၅၄၁ မိုင် ၆ ဖာလုံ တိုးတက်ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခုအခါ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အချိန်ကြန့်ကြာမှုမရှိဘဲ လွယ်ကူချောမွေ့စွာ *စာမျက်နှာ ၆ ကော်လံ ၁*

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသစ် ဖောက်လုပ်ဆဲကာလက အခြေခံလွှာခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒေသခံပြည်သူ ဦးသန်းထိုက်တို့ ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

သွားလာနိုင်ပြီဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

**တစ်တပ်တစ်အား**

ယခုကဲ့သို့ နိုင်ငံတော်က ဆောင်ရွက်ပေးသည့် ဖွံ့ဖြိုးမှု အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး မိမိတို့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လမ်းတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လမ်းတစ်လမ်း ဖြစ်ပေါ်လာရန်အတွက် ပထမဆုံး မြေပုံပေါ်၌ လမ်းအူကြောင်းရွေးရပြီး မြေပြင်တွင် ကွင်းဆင်းစစ်ဆေး၍ လမ်းအူကြောင်း အတည်ပြုရွေးချယ်ခြင်းတို့ အပါအဝင် လမ်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်၍ ပထမအဆင့် မြေလမ်း၊ ဒုတိယအဆင့် အမာခံလမ်း၊ တတိယအဆင့် ကျောက်ချောလမ်းနှင့် စတုတ္ထအဆင့် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရကြောင်း၊ လမ်းလုပ်ငန်းသည် အချိန်တိုအတွင်း အမြန်လုပ်၍ရသည့် လုပ်ငန်းမျိုး မဟုတ်ကြောင်း။

**ဆက်သွယ်ထား**

ယနေ့ဖွင့်လှစ်သည့် ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာကားလမ်းသည် ရန်ကုန်-ပြည်-မကွေး ကားလမ်းမှ မိုင်တိုင် (၁၈၂/၃) တာဂွရွာနှင့် ရန်ကုန်-မန္တလေးလမ်း လမ်းဟောင်းမိုင်တိုင် (၁၆၆/၀) အုတ်တွင်းမြို့ကို ဆက်သွယ်ထားသည့် ၁၂၄ မိုင် ၂ဖာလုံအရှည်ရှိသည့် လမ်းဖြစ်ကြောင်း၊ ၆၈ မိုင် ၄ ဖာလုံကို ကတ္တရာလမ်းအဖြစ် တည်ဆောက်ပြီးဖြစ်သော်လည်း ကျန် ၅၅ မိုင် ၆ ဖာလုံမှာ ကျောက်လမ်းနှင့် အမာခံလမ်းအဆင့်သာရှိခဲ့ကြောင်း၊ ယင်းအပိုင်းကို ရှစ်လက်မထု ကျောက်ခင်းပြီး လေးလက်မ အထူအပွန်းခံလွှာခင်းကာ ကတ္တရာရေပိတ်လွှာခင်းခြင်းကို ဆောင်ရွက်ထားကြောင်း။

ယခင် ပြည်-ပေါက်ခေါင်း-တောင်ငူ ကားလမ်းကို ၁၉၅၆ ခုနှစ်တွင် လမ်းဌာနက စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ကားလမ်းမိုင် အရှည် ၁၀၅ မိုင် ၃ ဖာလုံသာ ရှိခဲ့ကြောင်း၊ တောင်နဝင်းဆည် ရှောင်လမ်းဖောက်လုပ်ခဲ့ရ၍ ၄ မိုင်နှင့် ခပေါင်း ရေလှောင်တမံရေမြုပ်ဧရိယာထဲ ကျရောက်နေ၍ ဆည်ရှောင်လမ်းအဖြစ် ၁၄မိုင် ၇ဖာလုံ စုစုပေါင်း ၁၈မိုင် ၇ဖာလုံ ပိုမို ရှည်လျားစွာ ဖောက်လုပ်ခဲ့ရကြောင်း။

**ဝိုင်းဝန်းထိန်းသိမ်း**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လမ်း၏ ကျဉ်းသောနေရာများ၌ လမ်းများချဲ့ခြင်း၊ အတက်အဆင်းမတ်စောက်သည့် နေရာများကို လမ်းအူကြောင်းအသစ်ရှာဖွေဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရကြောင်း၊ ထို့ကြောင့် လမ်းအူကြောင်းအသစ်နှစ်ခုအတွက် ၇ ဖာလုံ ပိုမိုရှည်လာသဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ်သည် ၁၂၄ မိုင် ၂ဖာလုံမှ ၁၂၅ မိုင် ၁ဖာလုံ ဖြစ်လာခဲ့ရကြောင်း၊ မြေသားလမ်းအကျယ် ၃၄ပေ အပါအဝင် ကတ္တရာလမ်းအကျယ် ၁၂ပေရှိ တန် ၄၀ ခံနိုင်ဝန်ရှိ ကတ္တရာလမ်းသစ်ကြီးကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁ရက်တွင် စတင်ဖောက်လုပ်ခဲ့ရာ ၂၀၁၀ ခုနှစ် မတ် ၂၀ရက်တွင် ပြီးစီးခဲ့သဖြင့် ငါးလ၊ ၁၉ရက်ဖြင့် အပြီးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် လမ်းမကြီးကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးဖြစ်သူ အုတ်တွင်းမြို့နယ် ဇောဓိကုန်းကျေးရွာမှ ဦးသန်းထိုက်က ကတ္တရာလမ်းသစ်ဖောက်လုပ်ပေးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ဖွင့်လှစ်ပေး**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒေသခံပြည်သူ ဦးသန်းထိုက်တို့က ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုခ်ဦးရှေ့၌ လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်-ပေါက်ခေါင်-တောင်ငူ ကတ္တရာလမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်တော်ယာဉ်ဖြင့် ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ်ကြီးတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(သတင်းစဉ်)**

---

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-9, Block M-10 နှင့် Block M-10 အတွင်းရှိ Land Fall Area အနီးတစ်ဝိုက်တို့တွင် Geotechnical Investigation Survey (GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် LCT Sumber Carrier II ဖြင့်လည်းကောင်း၊ Nearshore Pipeline Route Survey တိုင်းတာရေးလုပ်ငန်းများကို Jack-up Pontoon ဖြင့်လည်းကောင်း ၂၀၁၀ခုနှစ် မတ် ၂၀ရက်မှ မေ ၁၀ရက်အထိ ဆောင်ရွက်လျက်ရှိသည်။

Geotechnical Investigation Survey (GTI) တိုင်းတာရေးဆောင်ရွက်မည့် တည်နေရာများမှာ Point (1) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၄ မိနစ် ၀၉ဒသမ ၃၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ် ၄၃ ဒသမ ၉၃၈ စက္ကန့်၊ Point (2) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၄ မိနစ် ၁၀ ဒသမ ၄၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၁ မိနစ် ၃၀ ဒသမ ၆၂၀ စက္ကန့်အတွင်းတွင်လည်းကောင်း၊ Nearshore Pipeline Route Survey တိုင်းတာရေးဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ Point (1) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၄၂ ဒသမ ၅၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၁၅ ဒသမ ၁၁၉ စက္ကန့်၊ Point (2) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၁၄ ဒသမ ၂၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၂၂ ဒသမ ၆၆၈ စက္ကန့်၊ Point (3) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၄၅ ဒသမ ၉၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၃၀ ဒသမ ၁၈၄ စက္ကန့်၊ Point (4) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၁၇ ဒသမ ၆၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၃၇ ဒသမ ၇၃၄ စက္ကန့်၊ Point (5) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၄၉ ဒသမ ၃၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၄၅ ဒသမ ၂၈၆ စက္ကန့်၊ Point (6) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀မိနစ် ၂၁ ဒသမ ၀၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၅၂ ဒသမ ၈၃၇ စက္ကန့်၊ Point (7) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ် ၅၂ ဒသမ ၇၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၀၀ ဒသမ ၃၉၀ စက္ကန့်၊ Point (8) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၂၄ ဒသမ ၄၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၀၇ ဒသမ ၉၁၀ စက္ကန့်၊ Point (9) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၃၅ ဒသမ ၀၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၀ ဒသမ ၄၄၀ စက္ကန့်၊ Point (10) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ် ၄၅ ဒသမ ၅၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၂ ဒသမ ၉၆၉ စက္ကန့်၊ Point (11) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၅၆ ဒသမ ၁၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၅ ဒသမ ၄၆၄ စက္ကန့်၊ Point (12) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂မိနစ် ၀၆ ဒသမ ၆၉၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၅၅မိနစ် ၁၇ ဒသမ ၉၉၄ စက္ကန့်၊ Point (13) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂မိနစ် ၁၇ ဒသမ ၂၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၂၀ ဒသမ ၄၉၀ စက္ကန့်နှင့် Point (14) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၂၇ ဒသမ ၇၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၂၃ ဒသမ ၀၁၉ စက္ကန့်အထိ ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-9, Block M-10 နှင့် Block M-10 အတွင်းရှိ Land Fall Area အနီးတစ်ဝိုက်တို့တွင် Geotechnical Investigation Survey (GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် LCT Sumber Carrier II ဖြင့် လည်းကောင်း၊ Nearshore Pipeline Route Survey တိုင်းတာရေးလုပ်ငန်းများကို Jack-up Pontoon ဖြင့်လည်းကောင်း ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

---

**နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် အခြေခံလိုအပ်ချက် (၅)ရပ်ဖြစ်သည့် လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်၊ အရင်းအနှီး၊ နည်းပညာနှင့်တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တို့ကို အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာအောင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ချောမွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖန်တီးဖော်ဆောင် ပေးနေ။**

---

## လေမုန်တိုင်းဒဏ်ခံ စာသင်ကျောင်း ပေးအပ်လှူဒါန်းပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေး

နေပြည်တော် မတ် ၂၄

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၂၁ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဘိုးရောင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းတို့က ဆောက်လုပ်လှူဒါန်းသော အလျားပေ ၆၀၊ အနံပေ ၃၀ရှိ လေမုန်တိုင်းဒဏ်ခံ စာသင်ကျောင်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။**

**ပေးအပ်**

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင် ဘဏ္ဍာရေးမှူး ဦးကြည်က ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်သည့် မမြချောင်းကူး (ဇလုပ်ကြီး) တံတားဖွင့်ပွဲကို မတ် ၂၂ရက် နံနက်ပိုင်းတွင် အဆိုပါ တံတား၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါတံတားကို မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ နှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်များအတွင်း နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၇၃၇ ဒသမ ၅သိန်း အကုန်အကျခံ၍ အလျား ၂၅၅ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၃၂ပေရှိ ကွန်ကရစ်တိုင်၊ သံရက်မ၊ သစ်သားတံတားအမျိုးအစား၊ ခံနိုင်ဝန် ၁၃တန်ရှိအောင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## အင်းဝစာအုပ်တိုက် ကာတွန်းစာအုပ်အရောင်းပွဲ

**ရန်ကုန် မတ် ၂၄**

ကာတွန်းကို ချစ်မြတ်နိုးသော ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အရွယ်အားလုံးအတွက် ကာတွန်းစာအုပ်မျိုးစုံကို တစ်နေရာတည်း၌ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရန် အင်းဝစာအုပ်တိုက် ကာတွန်းစာအုပ် အရောင်းပွဲတော်ကို မတ် ၂၈ရက်မှ ၃၀ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ အမှတ် ၂၀၁/ ၃၀၁ (မြေညီထပ်) ပန်းဆိုးတန်းလမ်း (အထက်ဘလောက်)တွင် ကျင်းပမည်ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် မတ်၂၉ရက်တွင် ကာတွန်းငွေကြည်၊ မြေဇာ၊ မောင်မောင်၊ သစ်ထွဏ်း၊ ဆန်းထွန်း၊ သန့်စင်၊ ဝင်းအောင်(မန္တလေး)၊ ကိုရွှေထူး(ပြည်)၊ စမ်းချောင်း ကိုကိုအောင်၊ ကိုချစ်၊ ဝလုံး၊ မောင်မောင်ညှက်၊ အောင်စိုးမျှင့်၊ လွှမ်းမောင်၊ ဌေးဝင်းဇော် အစရှိသူတို့က ကာတွန်းချစ်သူများအား ကာတွန်းဆရာများ၏ ကိုယ်ပိုင်ကာတွန်းဓာတ်ကောင် အမှတ်တရ ရေးဆွဲပေးခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၆၂)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြု

မိုင်းပျဉ်းမြို့နယ် မိုင်းမန်းကျေးရွာအုပ်စု ပန်ဟိုင်းကျေးရွာ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဘိန်းခင်းများကို စုပေါင်းဖျက်ဆီးခဲ့ကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်တာပုံကျေးရွာအုပ်စု၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဤသို့ ဘိန်းခင်းများကို ဖျက်ဆီးခဲ့ကြသည်။

## ၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဘိန်းခင်းဖျက်ဆီးခဲ့မှုများ

| စဉ် | ခုနှစ် | ဘိန်းခင်းဖျက်ဆီးခဲ့မှု (ဧက) |
|---|---|---|
| ၁။ | ၁၉၈၈ - ၁၉၈၉ | ၂၁၁·၃၅ |
| ၂။ | ၁၉၈၉ - ၁၉၉၀ | ၂၈၇·၃၆ |
| ၃။ | ၁၉၉၀ - ၁၉၉၁ | ၂၁၅၇·၇၄ |
| ၄။ | ၁၉၉၁ - ၁၉၉၂ | ၁၀၄၄၆·၁၄ |
| ၅။ | ၁၉၉၂ - ၁၉၉၃ | ၃၉၆·၄၅ |
| ၆။ | ၁၉၉၃ - ၁၉၉၄ | ၂၅၇၁·၉၂ |
| ၇။ | ၁၉၉၄ - ၁၉၉၅ | ၈၁၇၉·၅၀ |
| ၈။ | ၁၉၉၅ - ၁၉၉၆ | ၄၇၈၇·၉၄ |
| ၉။ | ၁၉၉၆ - ၁၉၉၇ | ၇၆၄၃·၈၃ |
| ၁၀။ | ၁၉၉၇ - ၁၉၉၈ | ၄၄၄၇၉·၃၅ |
| ၁၁။ | ၁၉၉၈ - ၁၉၉၉ | ၉၈၂၄·၆၇ |
| ၁၂။ | ၁၉၉၉ - ၂၀၀၀ | ၁၀၉၈၇·၇၆ |
| ၁၃။ | ၂၀၀၀ - ၂၀၀၁ | ၂၆၁၁၃·၄၇ |
| ၁၄။ | ၂၀၀၁ - ၂၀၀၂ | ၂၅၈၆၂·၃၃ |
| ၁၅။ | ၂၀၀၂ - ၂၀၀၃ | ၁၅၅၉·၈၅ |
| ၁၆။ | ၂၀၀၃ - ၂၀၀၄ | ၇၆၁၀·၀၅ |
| ၁၇။ | ၂၀၀၄ - ၂၀၀၅ | ၉၈၄၀·၃၁ |
| ၁၈။ | ၂၀၀၅ - ၂၀၀၆ | ၁၀၃၄၈·၃၉ |
| ၁၉။ | ၂၀၀၆ - ၂၀၀၇ | ၈၉၂၅·၉၆ |
| ၂၀။ | ၂၀၀၇ - ၂၀၀၈ | ၁၁၉၄၈·၈၆ |
| ၂၁။ | ၂၀၀၈ - ၂၀၀၉ | ၁၀၁၀၀·၆၅ |
| ၂၂။ | ၂၀၀၉ - ၂၀၁၀ | ၁၃၃၉၀·၀၉ |
| | စုစုပေါင်း | ၂၂၇၆၇၃·၉၇ |

မှတ်ချက်။ ။ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း အတွင်း ဖျက်ဆီးခဲ့ခြင်း ဖြစ်ပါသည်။

### ရှမ်းပြည်နယ် (အရှေ့ပိုင်း)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် တပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဘိန်းခင်းများကို ဤသို့ အင်တိုက်အားတိုက် ဖျက်ဆီးခဲ့ကြသည်။

### ဘိန်းခင်း ဖျက်ဆီး

တန့်ယန်းမြို့နယ်၌ တပ်မတော်သားများဘိန်းခင်းများကိုဖျက်ဆီးခဲ့ကြသည်မှာ....။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဘိန်းခင်းများကို ဤသို့ ဖျက်ဆီးခဲ့ကြသည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အမိနိုင်ငံတော်ကို ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားမည့် သွေးချင်းတို့၏တပ်မတော်

**ညီလေး**- နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရင်း ရှေ့တန်းတစ်နေရာမှာ ညီလေးကျဆုံးသွားခဲ့တာဟာ ခုဆိုရင် ဆယ်စုနှစ်နှစ်ခုကျော်ကာလ ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် ကိုကြီးတို့မိသားစုရဲ့ ရင်ထဲနှလုံးသားထဲမှာတော့ ညီလေးတစ်ယောက် အမြဲထာဝရ ရှိနေဆဲပါ။ ညီလေး ကျဆုံးသွားခဲ့တာဟာ အမိနိုင်ငံတော်အဖို့ ရဲရင့် သစ္စာရှိသော သားကောင်းစစ်သည်တစ်ဦး လက်လွှတ်ဆုံးရှုံးခဲ့ရသလို ကိုကြီးတို့မိသားစုအတွက်လည်း မိသားစုအပေါ် နားလည်သိတတ်တဲ့ သားလိမ္မာတစ်ဦးကို ထာဝရ ဆုံးရှုံးလိုက်ရတာပါပဲ။ ဒါပေမယ့် ညီလေးရယ်.... ညီလေး လူ့လောကကနေ စောစီးစွာ ထွက်ခွာသွားရခြင်းဟာ **"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏**"လို့ လေးနက်တဲ့ သစ္စာအဓိဋ္ဌာန်ကို ဦးထိပ်ပန်ဆင်ထားတဲ့ တပ်မတော်သားတစ်ဦးပီပီ အမိနိုင်ငံတော်ကို ကာကွယ်ရင်း နိုင်ငံတော်အတွက် လွန်စွာအရေးကြီးတဲ့ တရားသောစစ်ပွဲမှာ မွန်မြတ်စွာ၊ အဓိပ္ပာယ်ရှိစွာ ကျဆုံးသွားရခြင်းမို့ **"အမွန်မြတ်ဆုံး စွန့်လွှတ်ခြင်းရဲ့ တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်**" ပါပဲ ညီလေး။

အဲဒီအချိန်က ညီလေးတို့တပ်မတော်သားတွေ ဆင်နွှဲခဲ့ရတဲ့ မဲသဝေါ တိုက်ပွဲကြီးဟာ အမိနိုင်ငံတော်အတွက် စစ်ရေးအရရော၊ နိုင်ငံရေးအရပါ အလွန်အရေးကြီးတဲ့ တိုက်ပွဲကြီးပါ။ ၈၈ တိုင်းဆူပြည်ဖျက် အရေးအခင်းကြီးကြောင့် နိုင်ငံတစ်ဝန်းလုံး အခြေအနေမတည်မငြိမ် ဖြစ်နေချိန်မှာ ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူတွေက နိုင်ငံတော်ကို စစ်ရေး၊ နိုင်ငံရေးအရ အကျပ်အတည်းတွေ့အောင် မဲသဝေါတိုက်ပွဲကို စတင်ခဲ့တာပါ ညီလေး။

အဲဒီနေ့က.... တပ်မတော်က ထိန်းချုပ်ထားတဲ့ မဲသဝေါ ပင်မစခန်းကြီးကို အနီးကပ်ချဉ်းကပ်ဖို့ လူအင်အားများစွာနဲ့ စုရုံးချီတက်လာတဲ့ ရန်သူဟာ တပ်စုတစ်စု အင်အားသာရှိတဲ့ ညီလေးတို့ ရှေ့ကာစခန်းကုန်းကို နံနက်အရုဏ်တက်အချိန်မှာ လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တယ်။ ရန်သူအင်အားဟာ ညီလေးတို့ထက် အများကြီးသာတယ်။ သာမန်အားဖြင့်ဆိုရင် ညီလေးတို့အနေနဲ့ ရန်သူကို ဘယ်လိုမှ ရင်ဆိုင်နိုင်စွမ်း ရှိမှာမဟုတ်ဘူး။ ဒါပေမယ့် ညီလေးတို့ဟာ သစ္စာလေးချက်ကို ရင်မှာပိုက်ပြီး ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ထားတဲ့ တပ်မတော်သားတွေဖြစ်တဲ့အတွက် မိမိထက် အင်အား အဆပေါင်းများစွာ သာလွန်တဲ့ ရန်သူကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့ကြတယ်။

ရန်သူကလည်း ညီလေးတို့စခန်းကုန်းကို သိမ်းနိုင်ရင် မဲသဝေါ ပင်မ စခန်းကြီးဆီကို ထိုးဖောက်ဖို့ လွယ်ကူသွားမှာမို့ လူအား၊ လက်နက်အားနဲ့ မီးကုန်ယမ်းကုန် ဖိတိုက်တယ်။ ဒါပေမယ့် စစ်ရေးစွမ်းရည် အစဉ်ထက်မြက်နေတဲ့ ညီလေးတို့တပ်မတော်သားတွေကို ဘယ်လိုမှ မယှဉ်နိုင်ခဲ့ပါဘူး။ ရန်သူဟာ အလဲလဲ အပြိုပြိုဖြစ်ပြီး အကျအဆုံးများစွာနဲ့ ညီလေးတို့စခန်းကုန်းက ဆုတ်ခွာသွားခဲ့ရတယ်။ အမိနိုင်ငံတော်အလံဟာ ညီလေးတို့စခန်းကုန်းထက်မှာ ဆက်ပြီး တလူလူလွင့်ပျံ နေနိုင်ခဲ့တယ်။ ဒီစခန်းကုန်းတိုက်ပွဲမှာ ညီလေးတို့ တပ်မတော်သားတွေအနေနဲ့.... "**မျိုးချစ်တပ်မတော်၊ စည်းကမ်းကောင်းသောတပ်မတော်၊ သစ္စာရှိသောတပ်မတော်၊ စည်းလုံးညီညွတ်သောတပ်မတော်၊ စွမ်းရည်ရှိသောတပ်မတော်၊ စွန့်လွှတ်စွန့်စားသောတပ်မတော်၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားသော တပ်မတော်၊ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်၊ အပင်ပန်းအဆင်းရဲခံနိုင်သည့် တပ်မတော်၊ ဖွဲလုံ့လ၊ ဝီရိယရှိသည့် တပ်မတော်၊ ဒို့တာဝန်အရေး(၃)ပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်သော တပ်မတော်**".... ဆိုတဲ့ တပ်မတော်ရဲ့ ကောင်းမြတ်သောအစဉ်အလာ (၁၂)ရပ်ကို ထုတ်ဖော်ပြသနိုင်ခဲ့ကြတဲ့ အတွက် အင်မတန်ဂုဏ်ယူဖွယ်ရာ ကောင်းလှပါတယ်။ ဒါပေမယ့် ညီလေးရယ်.... တိုက်ပွဲဆိုတာ ပန်းနဲ့ပေါက်တာ မဟုတ်တဲ့အတွက် ဒီတိုက်ပွဲမှာ ညီလေးနဲ့အတူ ချင်းရဲဘော် ကျင်ဇခုပ်၊ ကရင်ရဲဘော် စောကူးမော၊ မွန်ရဲဘော် နိုင်ကျော်ထွန်း၊ ကချင်ရဲဘော် လွန်းခေါင်၊ ကယားရဲဘော် ဗျားရယ်၊ ရှမ်းရဲဘော် စိုင်းလူနဲ့ ရခိုင်ရဲဘော် စံရွှေမောင်တို့လည်း အမိနိုင်ငံတော်အတွက် မွန်မြတ်စွာ အသက်ပေးလှူသွားခဲ့ကြတယ်။

မဲသဝေါကိုရရင် အစိုးရဖွဲ့ပြီး လွတ်မြောက်နယ်မြေ ကြေညာမယ်ဆိုတဲ့ ကေအင်န်ယူသောင်းကျန်းသူတွေရဲ့ ပြည်ထောင်စုဖြိုခွဲရေးစီမံချက်ကြီးကိုလည်း တပ်မတော်ရဲ့ ထက်မြက်တဲ့စွမ်းရည်ကြောင့် အမြစ်ကနေဖြိုလှဲနိုင်ခဲ့ပြီး မဲသဝေါဒေသတစ်ခုလုံးကို တပ်မတော်က ပြန်လည်စိုးမိုးထိန်းချုပ်နိုင်ခဲ့တယ်။ သမိုင်းဝင်တဲ့ ဒီမဲသဝေါတိုက်ပွဲကြီးမှာ တပ်မတော်သား အရာရှိ ၁၂ဦးနဲ့ စစ်သည်၂၄၅ဦး အမိနိုင်ငံတော်အတွက် အသက်ပေးလှူသွားခဲ့ကြတယ်။ တပ်မတော်သားတွေရဲ့ မြင့်မားတဲ့ မျိုးချစ်စိတ်ဓာတ်ကြောင့် မိမိတို့ရဲ့ အသက်ကိုပင် မငဲ့ကွက်ဘဲ အမိနိုင်ငံတော်အတွက် စွန့်လွှတ်နိုင်စွမ်းရှိကြတာဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့ ဂုဏ်ရည်ပါပဲ ညီလေး။

**ညီလေး- မျက်မှောက်ကာလ မြန်မာ့တပ်မတော်ဟာ စတင်သန္ဓေတည်စဉ် ကာလကတည်းက အမိနိုင်ငံတော်ရဲ့ သမိုင်းရေးလိုအပ်ချက် (Historical Necessity) နဲ့ အမျိုးသားရေးလိုအပ်ချက် (National Necessity) တို့အရ သန္ဓေတည် ပေါက်ဖွားလာခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ မြန်မာ့တပ်မတော်ဟာ တပ်မတော်ရဲ့ သမိုင်းစာမျက်နှာအစမှာပဲ အမိနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူတွေနဲ့ လက်တွဲပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြတဲ့ အမိနိုင်ငံတော်ရဲ့ လွတ်လပ်ရေးကို အရယူပေးခဲ့ပြီး ကြီးမားမွန်မြတ်သော အမျိုးသားရေး တာဝန်ကြီးတစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့တယ်။**

**တပ်မတော်သားတွေဟာ ပြည်ထောင်စုဖွားသွေးချင်းတွေရဲ့ ရင်နှစ်သည်းချာတွေဖြစ်ကြတဲ့အတွက် တပ်မတော်ဟာလည်း အမိမြေကို ကာကွယ်ဖို့ ထာဝစဉ်အသင့်ရှိနေတဲ့ သွေးချင်းတို့ရဲ့ တပ်မတော်ဖြစ်ပါတယ်။ သွေးချင်းတို့ရဲ့ တပ်မတော်ဟာ သွေးချင်းတို့ပိုင်ဆိုင်တဲ့ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဆိုးရွားတဲ့ အန္တရာယ်တွေကြုံလေတိုင်း ရှေ့က မားမားမတ်မတ်ရပ်ပြီး အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့တယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက....စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၂)၊ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားမှာ- "တပ်မတော်သက်တမ်း တစ်လျှောက်မှာ နိုင်ငံတော်အတွက် အရေးကြုံတိုင်း ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ခဲ့တဲ့ သမိုင်းမှတ်တိုင်တွေ အမြောက်အမြားရှိခဲ့တယ်" ....လို့ ထည့်သွင်းမိန့်ကြားသွားခဲ့တယ်။**

**ညီလေး**- ၁၉၄၈ခုနှစ်၊ လွတ်လပ်ရေးရပြီးစ အမိနိုင်ငံတော်မှာ ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီး အရှိန်အဟုန်နဲ့ပေါ်ပေါက်လာခဲ့တယ်။ ကွန်မြူနစ်ဖြူနီ၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ KNDO စတဲ့ လွဲမှားတဲ့ ဝါဒရေးနဲ့ ကျဉ်းမြောင်းတဲ့လူမျိုးရေးကိုအခြေခံပြီး ပေါ်ပေါက်လာတဲ့ ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီးပါပဲ။ နိုင်ငံအနှံ့ ကျယ်ပြန့်စွာ လောင်ကျွမ်းလာတဲ့ ပြည်တွင်းစစ်မီးလျှံကြောင့် အဲဒီအချိန်က အာဏာရ ဖဆပလအစိုးရအတွက် ရန်ကုန်မြို့တစ်မြို့တည်းသာ အုပ်ချုပ်နိုင်စွမ်းရှိတော့တဲ့အတွက် ပြည်ပမီဒီယာတွေက ရန်ကုန်အစိုးရလို့ ကင်ပွန်းတပ် လှောင်ပြောင်ကြတဲ့အထိ အခြေအနေဆိုးရွားခဲ့တယ်။ ကျေးလက်နေ တိုင်းရင်းသားပြည်သူများမှာလည်း ရောင်စုံသောင်းကျန်းသူတွေရဲ့ နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်မှုဒဏ်ကို မရှုမလှ ခံကြရသလို၊ မြို့နေလူထုမှာလည်း သေနတ်သံ၊ ဗုံးသံတွေကြားမှာ နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ်နဲ့ ကျီးလန့်စာ စားနေကြရတယ်။ တဖြည်းဖြည်းနဲ့ ရောင်စုံသောင်းကျန်းမှု ဂယက်ကြီးဟာ ပြည်ထောင်စုပြိုကွဲရေးဆီသို့ ဦးတည်လာခဲ့တယ်။ ရပြီးခါစ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးရတော့မယ့်အခြေအနေ ဆိုက်ရောက်လာခဲ့တယ်။ အဲဒီအချိန်မှာ တည်ဆဲအစိုးရရဲ့ ဝန်ကြီးချုပ်ကိုယ်တိုင်က ပြည်တွင်းပဋိပက္ခ သောင်းကျန်းမှုများ ချုပ်ငြိမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ဆောင်ရွက်ပေးဖို့ တပ်မတော်ကို တာဝန်ပေးအပ်ခဲ့တယ်။ တပ်မတော်ဟာ နိုင်ငံအနှံ့ ပေါ်ပေါက်နေတဲ့ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုကြီးကို အဲဒီကာလက တပ်ရင်း(၁၀)ရင်းသာရှိတဲ့ မိမိရဲ့အင်အားနဲ့ စစ်ဆင်နှိမ်နင်းပြီး ခရိုင်မြို့ကြီးများ၊ နယ်မြို့ကြီးများကို နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးဩဇာအောက် ပြန်ရောက်အောင် ဆောင်ရွက်ပေးခဲ့တယ်။ အသက်၊ သွေး၊ ချွေး မြောက်မြားစွာ အရင်းအနှီးပြုပြီး တပ်မတော်ရဲ့ စွမ်းစွမ်းတမံ စစ်ဆင်နှိမ်နင်းမှုကြောင့် ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုကြီးဟာ အတန်အသင့် ချုပ်ငြိမ်းသွားခဲ့ပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်ခဲ့တယ်။ အဲ့ဒီလို ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးလာတဲ့အချိန်ကျမှ တပ်မတော်ဟာ မိမိကို ပေးအပ်ထားတဲ့ တာဝန်များကို ဝန်ကြီးချုပ်ထံ ပြန်လည်အပ်နှံပြီး မိမိရဲ့ မူလတာဝန်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစိုက်မတ်မတ် ပြန်လည်ထမ်းဆောင်ခဲ့တယ်။

အဲ့ဒီလို လွတ်လပ်ပြီးခါစ မြန်မာနိုင်ငံမှာ ပြည်တွင်း ဆူပူသောင်းကျန်းမှုကြီး အကင်းမသေသေးတဲ့ အချိန်မှာပဲ ၁၉၅၀ပြည့်နှစ် ဇန်နဝါရီလက စပြီးတော့ ကူမင်တန် စစ်ပြေးတပ်တွေဟာ ရှမ်းပြည်နယ် မိုင်းယန်းဒေသကို ကျူးကျော်ဝင်ရောက်လာပြီး အဲ့ဒီကတစ်ဆင့် ကချင်၊ ကိုးကန့်နှင့် ဝဒေသများ၊ တန့်ယန်းဒေသ၊ ကျိုင်းတုံ၊ တာချီလိတ်ဒေသများအထိ ဆက်လက်ကျူးကျော်ခဲ့ကြတယ်။ ဆက်လက်ပြီး ကူမင်တန်တပ်တွေဟာ မိုင်းမော၊ မိုင်းယု၊ မူဆယ်၊ ကြူကုတ်နှင့် ပုံပါကျင်ဒေသများအထိ ကျူးကျော်ဝင်ရောက်ခဲ့ကြတယ်။ စစ်ပြေးကူမင်တန်တပ်တွေအနေနဲ့ အမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ကျူးကျော်စော်ကားပြီး သွေးချင်းပြည်သူတစ်ရပ်လုံးကို အန္တရာယ်ပြုလာခဲ့တာပါပဲ ညီလေး။

အဲ့ဒီအချိန်မှာ တပ်မတော်ဟာ အကင်းမသေသေးတဲ့ ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုတွေကို စိုက်လိုက်မတ်တတ် တိုက်ခိုက်နှိမ်နင်းနေရဆဲ ဖြစ်ပေမယ့် မိမိရှိတဲ့အင်အားကို ထုတ်နုတ်ပြီးတော့ အမိနိုင်ငံတော်ကို ကျူးကျော်စော်ကားလာတဲ့ ကူမင်တန်တပ်တွေကို ၁၉၅၀ပြည့်နှစ်မှာ ကျိုင်းတုံစစ်ဆင်ရေးနှင့် ဖရော့၊ မော်၊ ပန်လုံစစ်ဆင်ရေးတွေ၊ ၁၉၅၂ ခုနှစ်မှာ မိုးကြိုးအထူးစစ်ဆင်ရေး၊ ၁၉၅၃ခုနှစ်မှာ မဟာစစ်ဆင်ရေးနှင့် နဂါးနိုင်စစ်ဆင်ရေး၊ ၁၉၅၄ခုနှစ်မှာ ယုဇနစစ်ဆင်ရေး၊ ဘုရင့်နောင် စစ်ဆင်ရေးနှင့် ဆင်ဖြူရှင်စစ်ဆင်ရေး၊ ၁၉၅၅ခုနှစ်မှာ ရန်ကြီးအောင်စစ်ဆင်ရေး၊ ၁၉၆၀ပြည့်နှစ်မှာ မဲခေါင်စစ်ဆင်ရေး စတဲ့ စစ်ဆင်ရေးကြီးတွေကို ဆင်နွှဲပြီး

**ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့် အမျိုးမျိုးကြားကနေပြီး တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် ဆယ်စုနှစ်နှစ်ခုကာလအတွင်းမှာ အမိနိုင်ငံတော်ဟာ တည်ငြိမ်အေးချမ်းပြီး ဘက်စုံကဏ္ဍစုံမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်အရပ်ရပ်ကို သမိုင်းပေးတာဝန်အရ ထမ်းဆောင်နေရတဲ့ ကာလအတွင်းမှာ အနာဂတ်နိုင်ငံတော်သစ်ကြီးအတွက် လိုအပ်တဲ့ အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်ပေးခဲ့တယ်။ နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ်ခုနစ်ရပ် (Road Map) ကို ချမှတ်ပြီးတော့လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ မကြာခင်ကာလအတွင်းမှာပဲ မူဝါဒလမ်းစဉ်ခုနစ်ရပ်ရဲ့ ပဥ္စမအဆင့်ဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးတော့မှာမို့ တိုင်းရင်းသားပြည်သူတွေအနေနဲ့ နိုင်ငံတော်အကျိုးနဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးကို သစ္စာရှိစွာ သယ်ပိုးမယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ် စိစစ်ရွေးချယ်ပြီး ရွေးကောက်တင်မြှောက်ခွင့် ရကြတော့မှာဖြစ်တယ်။**

# တပ်မတော်

ကျော်မင်းခေါင်

အမိမြေအတွင်းကနေ တိုက်ထုတ်ပစ်ခဲ့ရတယ်။ အဲ့ဒီစစ်ဆင်ရေး အဆင့်ဆင့်မှာ တပ်မတော်သားများစွာဟာ ပြည်ထောင်စုကြီးအပေါ် ကျရောက်လာတဲ့ ပြည်ပကျူးကျော်မှုအန္တရာယ်တွေကို ကာကွယ်ရင်း အမိနိုင်ငံတော်အတွက် မွန်မြတ်စွာ အသက်ပေးလှူသွားခဲ့ကြတယ်။

အဲ့ဒီလို နိုင်ငံတော်မှာ ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ၊ ပြည်ပ တရုတ်ဖြူတပ်တွေ ကျူးကျော်ဝင်ရောက်မှုများကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကြိမ်မီးအုံးသလို ဖြစ်နေချိန်မှာ အာဏာရ ဖဆပလအစိုးရအဖွဲ့ အတွင်းမှာတော့ နေရာလုကြရင်း တည်မြဲ၊ သန့်ရှင်း ဆိုပြီး အကွဲအပြဲများ ဖြစ်ပေါ်လာခဲ့တယ်။ ဖဆပလအစိုးရဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရမယ့်အစား အချင်းချင်း မညီမညွတ် ဖြစ်ပြီး အုပ်စုတိုက်ပွဲများ ပေါ်ပေါက်လာခဲ့တယ်။ နိုင်ငံရေးပါတီတွေရဲ့ သင်းပင်းတွေဟာ ခါးပိုက်ဆောင်တပ်တွေ တည်ထောင်ခဲ့ကြပြီး အာဏာ ဆုပ်ကိုင်နိုင်ရေး၊ ခေါင်းဆောင်နေရာရရှိရေးတို့ကို ကြိုးပမ်းခဲ့ကြတယ်။ သောင်းကျန်းသူတွေကလည်း အာဏာရ အစိုးရအဖွဲ့ရဲ့ အကွဲအပြဲကို အခွင့်ကောင်းယူပြီး ပိုမိုထကြွ သောင်းကျန်းလာကြပြန်တယ်။ ပြည်သူလူထုမှာ နိုင်ငံရေးပါတီတွေရဲ့ ခါးပိုက်ဆောင်တပ်တွေကိုလည်း ကြောက်ရ၊ သောင်းကျန်းသူရန်ကိုလည်း ကြောက်ရနဲ့ ဒုက္ခပင်လယ်ဝေခဲ့ကြတယ်။ ဒါတွေကြောင့် နိုင်ငံတော်ဟာ ပရမ်းပတာ ပြိုကွဲရမယ့်အခြေအနေကို ဦးတည်လာခဲ့ပြန်တယ်။ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အဲ့ဒီလိုအခြေအနေဆိုးတွေကို ထိန်းသိမ်းကာကွယ်နိုင်စွမ်းမရှိတော့တဲ့ အာဏာရ ဖဆပလ အစိုးရရဲ့ ဝန်ကြီးချုပ်ဦးနုဟာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင် ထိန်းသိမ်းဆောင်ရွက်ပေးဖို့ အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူပေးပါရန် တောင်းဆိုပြီး ၁၉၅၈ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့မှာ နိုင်ငံတော် အာဏာကို တပ်မတော်လက် လွှဲပြောင်းပေးခဲ့တယ်။ နိုင်ငံတော်မှာ အရေး ဒုက္ခကြုံလေတိုင်း ရှေ့ကမားမားမတ်မတ်ရပ်ခဲ့တဲ့ တပ်မတော်ဟာ အိမ်စောင့် အစိုးရအဖြစ် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးခဲ့ပြီး လုံခြုံလွတ်လပ် တရားမျှတတဲ့ ရွေးကောက်ပွဲကို ၁၉၆၀ပြည့်နှစ် ဖေဖော်ဝါရီလ ၆ရက်နေ့မှာ ကျင်းပပေးခဲ့ပြီး ရွေးကောက်ပွဲအနိုင်ရတဲ့ ပထစ အစိုးရကို အေးအေးချမ်းချမ်း၊ စနစ်တကျ နိုင်ငံတော်အာဏာ လွှဲပြောင်းပေးခဲ့တယ်။

၁၉၆၂ခုနှစ်မှာတော့ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားတဲ့ ဖက်ဒရယ်မူဆိုတာ ပေါ်ပေါက်လာခဲ့ပြန်တယ်။ ပဒေသရာဇ်အာဏာကို မစွန့်လွှတ်ချင်ကြတဲ့ စော်ဘွားတချို့နဲ့ သစ္စာမဲ့ နိုင်ငံရေးပါတီအချို့ဟာ အင်အားကြီး အနောက်အုပ်စုနိုင်ငံရဲ့ ဩဇာခံ ဆီးတိုး (အရှေ့တောင်အာရှ စစ်အုပ်စု)နဲ့ လျှို့ဝှက်ဆက်သွယ်ပြီး ပြည်ထောင်စုက ခွဲထွက်ဖို့၊ ဆီးတိုး စစ်အုပ်စုထဲ ဝင်ရောက်ဖို့တို့အတွက် ဖက်ဒရယ်မူကို မိုက်မိုက်မဲမဲ တင်ပြ တောင်းခံပြီး ပထစအစိုးရကို အကျပ်ကိုင်ခဲ့ကြတယ်။ အစိုးရက ခွင့်ပြုပြု– မပြုပြု ပြည်ထောင်စုထဲက ခွဲထွက်ဖို့လည်း လျှို့ဝှက်ပိရိစွာ ကြံစည်ခဲ့ကြတယ်။ နိုင်ငံတော်ဟာ အစိတ်စိတ် အမွှာမွှာပြိုကွဲမယ့် အန္တရာယ်နှုတ်ခမ်းဆီကို ဆိုက်ရောက်လာခဲ့ရပြန်တယ်။ နိုင်ငံတော်ကို တာဝန်ယူထားတဲ့ ပထစအစိုးရအနေနှင့်လည်း နိုင်ငံတော်မှာ ပေါ်ပေါက်နေတဲ့ ဒီအန္တရာယ်ဆိုးကြီးကို ဘယ်လိုမှ တားဆီးကာကွယ်နိုင်စွမ်း မရှိခဲ့ဘူး။ ဒါ့ကြောင့်မို့.... အမိနိုင်ငံတော်ကို ကာကွယ်ရန် အမြဲအသင့်ရှိနေတဲ့ သွေးချင်းတို့ရဲ့ တပ်မတော်ဟာ ၁၉၆၂ခုနှစ်၊ မတ်လ၂ရက်နေ့မှာ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပြည်ထောင်စုကြီးပြိုကွဲမယ့် အန္တရာယ်ဆိုးကြီးကနေ ကာကွယ်စောင့်ရှောက် ကယ်တင်ခဲ့ရတယ် ညီလေး။

၁၉၈၈ခုနှစ်မှာတော့ စားဝတ်နေရေး ကျပ်တည်းမှုများကြောင့် တည်ဆဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရကို မကျေနပ်တဲ့ ပြည်သူလူထုက ဆန္ဒပြခဲ့ကြတယ်။ အဲ့ဒီကအစပြုပြီး ပြည်တွင်း၊ ပြည်ပက လက်ဝဲ၊ လက်ယာ အဖျက်သမားတွေရဲ့ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် မြန်မာ့သမိုင်းမှာ အမည်းစက်ကြီး စွန်းထင်ရစ်မယ့် ကြောက်မက်ထိတ်လန့်ဖွယ် တိုင်းဆူပြည်ဖျက် အရေးအခင်းကြီး ပေါ်ပေါက်ခဲ့တယ်။ နိုင်ငံကို ဦးဆောင်နေတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရအနေနဲ့ နိုင်ငံအနှံ့ ပေါ်ပေါက်နေတဲ့ ဆူပူအကြမ်းဖက်မှုတွေကို လုံးဝဟန့်တား ထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘူး။ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံးလည်း ရပ်ဆိုင်းသွားခဲ့တယ်။ သပိတ်ခေါင်းဆောင်ဆိုသူတွေ၊ သမဂ္ဂခေါင်းဆောင် ဆိုသူတွေ၊ လူထုခေါင်းဆောင်ဆိုသူတွေနဲ့တကွ ငါသာလျှင် တရားဝင် ဝန်ကြီးချုပ်ဆိုတဲ့ ပုဂ္ဂိုလ်ကပင် နိုင်ငံတစ်ဝန်း ပေါ်ပေါက်နေတဲ့ တိုင်းဆူ ပြည်ဖျက် မင်းမဲ့စရိုက် အရေးအခင်းကြီးကို ဘယ်လိုမှ ဟန့်တား ထိန်းသိမ်းနိုင်စွမ်း မရှိခဲ့ကြဘူး။ ပြည်တွင်းမှာ ပေါ်ပေါက်နေတဲ့ ပရမ်းပတာ အခြေအနေတွေကို ကြည့်ပြီး နယ်ချဲ့လက်သစ်၊ လက်ဟောင်းတွေကလည်း စားတော့မယ်ဟဲ့၊ ဝါးတော့မယ်ဟဲ့ဆိုပြီး အကွက်ချောင်းနေကြပြီ။ အင်အားကြီးနိုင်ငံတစ်ခုရဲ့ ရေတပ်သင်္ဘောအုပ်စုကလည်း မြန်မာ့ရေပိုင်နက်ထဲ ကျူးကျော်ဝင်ရောက်လာပြီ။ ပြည်သူတစ်ရပ်လုံးမှာလည်း အားကိုးရာမဲ့ ဖြစ်နေကြပြီ။ အဲ့ဒီလိုအခြေအနေမှာ အမိနိုင်ငံတော်ရဲ့ အနေအထားဟာ အန္တရာယ်ချောက်ကမ်းပါးထဲကျဖို့ လက်တစ်ကမ်းပဲ လိုတော့တယ် ညီလေး။ ဒါကြောင့်မို့ အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အမြဲအသင့်ရှိနေတဲ့ သွေးချင်းတို့ရဲ့ တပ်မတော်ဟာ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်နေ့မှာ အမိနိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးမှ လွတ်မြောက်အောင် ဆွဲထုတ်ကယ်တင်ပြီး ကာကွယ်စောင့်ရှောက်လိုက်ရပြန်တယ်။

## နွေဦးသစ်လျှင်

* မြူနှင်းလွင့်ပျောက်၊ လေရူးနှောက်၍
ရွက်ခြောက်ဝဲကြွေ၊ ရွက်သစ်ဝေလျက်
နွေမှာချိန္ဒဲ၊ တေးသီဖွဲ့သော
ငှက်ညွှဲညလျှင်၊ လွမ်းတေးဆင်ကာ
သံစဉ်ချိုမြ၊ တေးအလှဖြင့်
နိုးထသံသာ မြည်လေပြီ။

* နွေအပူငွေ့၊ ရော်ရွက်သွေ့တို့၊
ဝိုက်ဝေ့ဝဲကြွေ၊ လွမ်းဖွယ်နွေဝယ်
စည်ဝေကွန့်မြူး၊ ပုရစ်ဖူးတို့
လွန့်လူးရှင်သန်၊ နွေဂိမှာန်လျှင်
တစ်ဖန်သစ်ခဲ့ ပြန်လေပြီ။

* ခတ္တာအင်ကြင်း၊ မွှေးထုံသင်းလျက်
ရွှင်းသာကြည်၊ မိန်ပန်းချီလည်း
ပီပြင်ပေစွ၊ နွေအလှ။

* သည်နွေမှာပင်
တွဲလက်ယှဉ်ကာ၊ ချစ်ကြင်လေးမြတ်
ကျောချင်းကပ်၍၊ တပ်နှင့်ပြည်သူ
ချစ်ကြည်ဖြူစွာ၊ ညီတူအသိ
သစ္စာရှိလျက်၊ အမိမြေအား
ထိပါးခြယ်လှယ်၊ စက်ဆုပ်ဖွယ်ရာ
ရည်ရွယ်ဖက်ဆစ်၊ နယ်ချဲ့စစ်ကို
အမြစ်မှလှန်၊ အောင်ပွဲခံသည်
မျိုးမာန်ထက်သည့် နွေပင်တည်း။

* တစ်နွေသစ်လျှင်၊ တွေး၍မြင်လိမ့်
ယခင်ဖတ်ကြောင်း၊ မိန်တပေါင်း၏
မဟောင်းမညစ်၊ နှောင်းသနစ်လျှင်
နုသစ်ခိုင်ကျည်၊ မာန်ဖွဲ့ညီလျက်
နီနီရဲစွေး၊ ဇာတိသွေးဖြင့်
နွေးထွေးနေဆဲ ပါတကား။ ။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို
ဂုဏ်ပြုကြိုဆိုလျက်–

မောင်မောင်မိုးအောင်

အထက်မှာ ကိုကြီး ပြောပြခဲ့တဲ့ သမိုင်းဖြစ်စဉ်တွေဟာ နိုင်ငံတော်မှာ ကြီးစွာသော ဘေးအန္တရာယ်တွေ ပေါ်ပေါက်ပြီး အချုပ်အခြာအာဏာ ဆုံးရှုံးရလုနီးနီး၊ ပြည်ထောင်စု ပြိုကွဲလုနီးနီး အခြေအနေတွေ ဆိုက်ရောက်လေတိုင်း တပ်မတော်က ရှေ့က မားမားမတ်မတ်ရပ်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့တယ်ဆိုတဲ့၊ ဘယ်သူမှမငြင်းနိုင်တဲ့ မှန်ကန်တဲ့ သမိုင်းဖြစ်စဉ်တွေပါပဲ ညီလေး။

**ညီလေး–** တပ်မတော်ဟာ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်နေ့မှာ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ ရယူထိန်းသိမ်းလိုက်ရတဲ့ နေ့ကစလို့ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတစ်ဝန်း တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့တယ်။ တပ်မတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် သွေးချင်းတို့ နေထိုင်ရာ တောင်ပေါ်မြေပြန့် ဒေသအသီးသီးဟာ ကာလတိုအတွင်းမှာ အံ့မခန်း ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ပြည်ထောင်စုတစ်ဝန်းမှာ ကားလမ်း၊ ရထားလမ်းတွေ ကွန်ရက်သဖွယ် ယှက်နွယ်သွားခဲ့ပြီး မြစ်ကူး၊ ချောင်းကူးတံတားကြီးတွေလည်း အစီအရီ ပေါ်ထွက်လာခဲ့တယ်။ နိုင်ငံအနှံ့ ကူးသန်းသွားလာမှု လွန်စွာ လွယ်ကူချောမွေ့သွားခဲ့ပြီး ကုန်စည်စီးဆင်းမှုလည်း ပိုမိုမြန်ဆန် သွက်လက်လာတယ်။ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးစီမံကိန်းဝင် ဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း စတဲ့ စီမံကိန်းများ ချမှတ်ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့တယ်။ သွေးချင်းတို့နေထိုင်ရာ နယ်စပ်တောင်ပေါ်ဒေသတွေမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်အောင် ဆောင်ရွက်ပြီး ဒေသခံတောင်သူတွေအတွက် အကျိုးရှိစေမယ့် ဘိန်းအစားထိုး သီးနှံပင်များ အောင်မြင်စွာ စိုက်ပျိုးနိုင်အောင် ကူညီပေးခဲ့တယ်။ မူးယစ်ကင်းစင်တဲ့ နိုင်ငံတော်ဖြစ်စေဖို့အတွက် ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကိုချမှတ်ပြီး ကိုယ့်ခွန်ကိုယ့်အားနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ ဘယ်အစိုးရကမျှ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း တပ်မတော်အစိုးရလက်ထက်မှာ အခိုင်အမာ တည်ဆောက်နိုင်ခဲ့လို့ အတွေးမှား၊ အမြင်မှားနဲ့ တောတွင်းလက်နက်ကိုင် ဘဝ ရောက်နေခဲ့ကြတဲ့ သွေးချင်းညီအစ်ကို တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ဟာလည်း အမိနိုင်ငံတော်ရဲ့ အလံတော်အောက်သို့ ပြန်လည်ရောက်ရှိလာကြပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ နိုင်ငံတော်အစိုးရနဲ့အတူ အင်တိုက်အားတိုက် လက်တွဲဆောင်ရွက်လျက်ရှိကြတယ်။

ပိုပြီး ဝမ်းသာကြည်နူးစရာကောင်းတာတစ်ခုကတော့ အမိရင်ခွင်ရောက် သွေးချင်း တောတွင်းလက်နက်ကိုင် အဖွဲ့အချို့ဟာ အမိနိုင်ငံတော် ကာကွယ်ရေးအတွက် နယ်ခြားစောင့်တပ်များအသွင်နဲ့ တပ်မတော်သားဘဝကို ခံယူခဲ့ကြတာပါပဲ။

**ညီလေး–** ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့် အမျိုးမျိုးကြားကနေပြီး တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် ဆယ်စုနှစ်နှစ်ခု ကာလအတွင်းမှာ အမိနိုင်ငံတော်ဟာ တည်ငြိမ်အေးချမ်းပြီး ဘက်စုံကဏ္ဍစုံမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်အရပ်ရပ်ကို သမိုင်းပေးတာဝန်အရ ထမ်းဆောင်နေရတဲ့ ကာလအတွင်းမှာ အနာဂတ်နိုင်ငံတော်သစ်ကြီးအတွက် လိုအပ်တဲ့ အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်ပေးခဲ့တယ်။ နိုင်ငံတော်ရဲ့ မူဝါဒ လမ်းစဉ်ခုနစ်ရပ် (Road Map) ကို ချမှတ်ပြီးတော့လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရေး အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ မကြာခင်ကာလအတွင်းမှာပဲ မူဝါဒလမ်းစဉ်ခုနစ်ရပ်ရဲ့ ပဉ္စမအဆင့်ဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးတော့မှာမို့ တိုင်းရင်းသားပြည်သူတွေအနေနဲ့ နိုင်ငံတော်အကျိုးနဲ့ တိုင်းရင်းသား ပြည်သူတွေရဲ့ အကျိုးကို သစ္စာရှိစွာ သယ်ပိုးမယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ် စိစစ်ရွေးချယ်ပြီး ရွေးကောက်တင်မြှောက်ခွင့် ရကြတော့မှာဖြစ်တယ်။ ရွေးကောက်ပွဲတွေပြီးရင် မူဝါဒလမ်းစဉ် ခုနစ်ရပ်ရဲ့ ဆဋ္ဌမအဆင့်ဖြစ်တဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်အစည်းအဝေးတွေ ကျင်းပမယ်။ အဲ့ဒါပြီးရင် မူဝါဒလမ်းစဉ်ခုနစ်ရပ်ရဲ့ သတ္တမအဆင့် (နောက်ဆုံးအဆင့်)ဖြစ်တဲ့ လွှတ်တော်မှ ရွေးကောက်တင်မြှောက်တဲ့ နိုင်ငံတော်အကြီးအကဲများ၊ လွှတ်တော်မှ ဖွဲ့စည်းပေးတဲ့ အစိုးရအဖွဲ့၊ အာဏာပိုင်အဖွဲ့အစည်းများနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်သွားမှာ ဖြစ်တယ်။ မျက်မှောက်ကာလ တပ်မတော်အစိုးရအနေနဲ့တော့ မူဝါဒလမ်းစဉ်ခုနစ်ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားပြီး သွေးချင်းပြည်သူများကို အမိနိုင်ငံတော်သစ်ကြီးရဲ့ မုခ်ဦးဆီအရောက် ပို့ဆောင်ပေးသွားမှာ ဖြစ်တယ်။

**ညီလေး–** သမိုင်းပေးတာဝန်ကျေပွန်တဲ့ တပ်မတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကြောင့် မျက်မှောက်ကာလမှာ အနာဂတ်နိုင်ငံတော်သစ်အတွက် အခြေခံကောင်း၊ အခင်းအကျင်းကောင်းတွေ ပြည့်စုံနေပါပြီ။ တစ်ချိန်က ယမ်းငွေ့တွေဝေနေခဲ့တဲ့ သွေးချင်းတို့ရဲ့ဒေသများမှာလည်း ဒေသခံ သွေးချင်းတို့ရဲ့ ရိုးရာဂီတသံတွေ လွင့်ပျံ့ပြီး ငြိမ်းချမ်းလှပနေပါပြီ။ ညီလေးရေ.... အမိပြည်ထောင်စု နိုင်ငံတော်တစ်ဝန်းမှာ ဘယ်ခေတ် ဘယ်ကာလနဲ့မျှမတူတဲ့ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ထင်ထင်ရှားရှား တွေ့မြင်နေရပါပြီ။ အမိနိုင်ငံတော်ရဲ့ ကျက်သရေဆောင်၊ ကျယ်ဝန်းလှပ အေးချမ်းတဲ့ နေပြည်တော်မြို့တော်သစ်ကြီးကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့မြင်နိုင်ပါပြီ ညီလေး။ ပြောင်းလဲတိုးတက်နေတဲ့ အမိနိုင်ငံတော်ရဲ့ ပုံရိပ်များကို အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရင်း မွန်မြတ်စွာ အသက်ပေးလှူသွားခဲ့ကြတဲ့ ညီလေးတို့ တပ်မတော်သားအပေါင်းဟာ မြင့်မြတ်တဲ့ ဘုံဘဝဆီကနေ မြင်နိုင်တွေ့နိုင်ကြပါစေလို့ ကိုကြီး ဆုတောင်းပါတယ်။ တပ်မတော်ကတော့ သွေးချင်းတို့ရဲ့ တပ်မတော်ပီပီ ကမ္ဘာတည်သရွေ့ တည်ရှိနေမယ့် သွေးချင်းတို့ ပေါင်းစုနေထိုင်ရာ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ထာဝစဉ် ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။

"အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရင်း မွန်မြတ်စွာ အသက်ပေးလှူသွားခဲ့ကြတဲ့ တပ်မတော်သားအပေါင်းကို (၆၅)နှစ်မြောက် တပ်မတော်နေ့ အခါသမယမှာ လှိုက်လှဲစွာဦးညွှတ် အလေးပြုလိုက်ပါတယ်"။ ။

ကိုကြီး။

# အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း စက်မှုသင်တန်းကျောင်း(မကွေး) တည်ထောင်ရေးဆိုင်ရာ

## လက်မှတ်ရေးထိုးပွဲအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် မတ် ၂၄

**အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency-KOICA) တို့၏ စက်မှုသင်တန်းကျောင်း(မကွေး) တည်ထောင်ရေးဆိုင်ရာ Record of Discussion လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က အမှာစကား ပြောကြားသည်။

ထို့နောက် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Director/Education Team (Leader), Mr.Nam, Kwan-Hyoung က အမှာစကားပြောကြားပြီး KOICA မှ Expert on Curriculum Design Mr. Kim, Yeong-Wook က သင်တန်းကျောင်း စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

### လက်မှတ်ရေးထိုး

ယင်းနောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် KOICA မှ Director/Education Team (Leader), Mr. Nam, Kwan-Hyoung တို့က စက်မှုသင်တန်းကျောင်း (မကွေး) တည်ထောင်ရေးဆိုင်ရာ Record of Discussion ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် သာဂရစက်မှုနယ်မြေ၌ ကိုရီးယားသမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်ထားသည့် စက်မှုသင်တန်းကျောင်းတွင် အသုံးပြုရန်အတွက် သင်ထောက်ကူပစ္စည်းများကို KOICAမှ Director/Education Team (Leader), Mr.Nam, Kwan-Hyoung က ပေးအပ်လှူဒါန်းရာ စက်မှုသင်တန်းကျောင်း (သာဂရ) ကျောင်းအုပ်ကြီး ဦးငွေဝင်းအောင်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စက်မှုသင်တန်းကျောင်း(မကွေး)ကို ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ သုံးသန်းဖြင့် မကွေးစက်မှုနယ်မြေတွင် တစ်နှစ်အတွင်း တည်ထောင်သွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းကျောင်းပြီးစီးပါက မော်တော်ယာဉ်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာ သင်တန်းများကို အထူးပြု သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့၏ စက်မှုသင်တန်းကျောင်း (မကွေး)တည်ထောင်ရေးဆိုင်ရာ လက်မှတ်ရေးထိုးပွဲကို နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပစဉ်။**

(သတင်းစဉ်)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၃၁)၌ ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲတွင် ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မသီတာရွှေစင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှကြည်က ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၃-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ အပန်းဖြေလေ့လာ အမျိုးသားကန်တော်ကြီးဥယျာဉ်မှာ
- ၇:၄၅ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၇။ အကပဒေသာ
- ၈:၀၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ **ချစ်လွန်းလို့**
- ၈:၃၀ ၁၀။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၄:၂၅ ၄။ တေးဂီတအစီအစဉ်
- ၄:၃၅ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
- ၄:၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၈။ **ဝါသီးက ရွှေသီးဖြစ်ပြီ**
- ၅:၃၅ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၁၀။ **ရောင်စုံရေးသီ တေးပန်းချီ**
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၆:၄၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၂၁)
- ၇:၂၀ ၁၅။ ပြည်သူ့အတွက်တပ်မတော် **ကူးလူးယှက်နွယ်၊ ကွန်ရက်သဖွယ်၊ ပြည်သူ့အကျိုး သယ်ပိုးကြိုးစား လမ်းတံတား**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း **အလင်းရောင်** (ဇာတ်သိမ်းပိုင်း) ကျော်ရဲအောင်၊ ရဲအောင်၊ ပြေတီဦး၊ မြင့်မြတ်၊ ဟိန်းဝေယံ၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ မိုးဟေကို၊ မိုးယုစံ၊ စန္ဒီမြင့်လွင်၊ မေသဥ္ဇာဦး ဒါရိုက်တာ-တင်အောင်စိုး (ပန်းမြို့တော်)

## မြဝတီရုပ်မြင်သံကြား

၂၅-၃-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၅၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅:၀၀ ၇။ မွေးမြူသုတ
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၂၅ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၀ ၁၃။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၂၂)
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **အလင်းရောင်** (ဇာတ်သိမ်းပိုင်း)

*✱ ကျောဖုံးမှ*

*သတ်မှတ်ကာ ခွင့်ပြုပေးသင့်ကြောင်း၊ ထို့အပြင် အားကစားနည်း တစ်ရပ်ရပ်ကို လုပ်ဆောင်စေသင့်ကြောင်း ထောက်ပြထားသည်။*

*အကြံပြု*

*သို့မှသာ ငယ်ရွယ်စဉ်ကပင် စိတ်ဖိစီးမှု ကင်းဝေးကာ စိတ်ကျရောဂါသည်များ ဖြစ်လာမည်မဟုတ်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။* *(အင်တာနက်)*

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် မတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၈-၃-၂၀၁၀)ရက်နေ့

၂၀၁၀ခုနှစ် ဧပြီလအတွက်

(၁၁-၄-၂၀၁၀)ရက်နေ့

နှင့်

(၂၅-၄-၂၀၁၀)ရက်နေ့

## မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မတ် ၂၄

### တောင်ငူမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

*တောင်ငူမြို့နယ်အသင်း (အုတ်တွင်း၊ ထန်းတပင်အပါအဝင်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို မတ်၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီးရှေ့ မင်္ဂလာဈေးမွှောရုံတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၄၃၉၅၈၊ ၇၂၂၇၈၅ နှင့် ၅၁၉၅၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။*

### အထက(၁) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်မည်

***အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၁၉၅၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။***

### ရန်ကုန် - မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

*ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး ဈေးသင်္ဘော မြရောရေယာဉ်သည် ဧပြီ၁ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၃) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်ရာ ဖုန်း-၂၉၂၁၉၉ နှင့် ၂၉၂၃၁၉ တို့သို့ ကုန်တင်ဆောင်ရောင်းချလိုသူများ ဆက်သွယ်ဆောင်ရွက်နိုင်သည်။*

### သွေးလှူရှင်များ သွေးလှူဒါန်းနိုင်

***ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် ပညာဒါနကျောင်းမှ ဦးဆောင်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၃၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များ ဖုန်း-၅၃၇၀၂၆ နှင့် ၅၁၈၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။***

### ပညာရေးတက္ကသိုလ် ကျောင်းသားဟောင်းများမိတ်ဆုံစားပွဲ

*ပညာရေးတက္ကသိုလ် လက်တွေ့လေ့ကျင့်ရေးကျောင်း (TTC) ၏ ကျောင်းသား ကျောင်းသူဟောင်းများ ဂေါက်သီးရိုက်ကစားရင်း မိတ်ဆုံစားပွဲကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။*

### အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲကျင်းပမည်

***နှစ်သစ်မဟာသင်္ကြန်အကြို ဈေးရောင်းပွဲဖြစ်သည့် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်း ရောင်းချမည်ဖြစ်သည်။***

### သဘင်ပညာရှင်များအစည်းအရုံး ရန်ပုံငွေဖျော်ဖြေပွဲ

*မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ရန်ပုံငွေအဖြစ် ဖန်ဆင်းရှင် အမည်ရှိ ရုပ်ရှင်၊ ဂီတနှင့် သဘင်အနုပညာရှင်များ ပူးပေါင်းတင်ဆက်မည့် ဖျော်ဖြေပွဲကို ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်း၌ မတ် ၂၈ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကျင်းပမည်ဖြစ်သည်။*

### စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

***Myanmar Book Centre ၏ ဒုတိယအကြိမ် စာအုပ်ဈေးရောင်းပွဲကို မတ် ၂၈ရက်မှ ဧပြီ ၁ရက်အထိ Book-Buffet နှင့် Clearance Sale အစီအစဉ် နှစ်ခုဖြင့် Myanmar Book Centre ၏ ဆိုင်ခွဲများ အားလုံးတွင် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ရွေးချယ် ဝယ်ယူနိုင်ပြီး ဖုန်း-၂၂၁၂၇၁၊ ၃၇၀၅၃၂ နှင့် ၀၂- ၇၁၄၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။***

### ဒီပလိုမာသင်တန်းများ ဖွင့်လှစ်မည်

*အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် ဒီပလိုမာသင်တန်းများကို ဧပြီ ၃၀ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး ဖုန်း-၀၁-၂၉၁၉၁၃နှင့် ၇၀၃၂၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။*

### ကုန်သည်/စက်မှုအသင်းချုပ် အစည်းအဝေးရက်ပြောင်းလဲ

***ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို နေပြည်တော် မြို့တော်ခန်းမ၌ မတ် ၂၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီခွဲတွင် ကျင်းပမည့်အစား ဧပြီ ၂၄ရက်(စနေနေ့) နံနက် ၉နာရီသို့ ရက်ပြောင်းလဲကျင်းပမည် ဖြစ်သည်။ ။***

*(မြန်မာ့အလင်း)*

**စုစည်းရေးသားသူ-ဝင်းကျော်**

# ပြည်သူလူထုအတွင်း တီဘီရောဂါအသိပညာ ပိုမိုရရှိစေရန် ကျန်းမာရေးပညာပေးခြင်း၊ နည်းလမ်းသစ်များသုံးခြင်းဖြင့် ဆောင်ရွက်

## သုတေသန တွေ့ရှိချက်များကို တိုက်ဖျက်ရေးလုပ်ငန်းများ၌အသုံးချ

နေပြည်တော် မတ် ၂၄

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

### တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ တီဘီရောဂါသည် လူသားများကို လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀နီးပါးက စ၍ ကူးစက်ပြန့်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ တီဘီရောဂါဖြစ်စေသည့် တီဘီပိုးကို ၁၈၈၂ခုနှစ် မတ် ၂၄ရက်တွင် ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့(ချ်)က ပထမဦးဆုံးတွေ့ရှိခဲ့ကြောင်း၊ ၎င်းကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၄ရက်ကို ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး တစ်ကမ္ဘာလုံး၌ ၁၉၉၆ ခုနှစ် မှစတင်၍ ကျင်းပလာရာ ယနေ့ဆိုလျှင် (၁၅)ကြိမ်ရှိပြီ ဖြစ်ကြောင်း၊ ယင်းတွေ့ရှိမှုကို အခြေခံ၍ ရောဂါပိုးကိုသေစေနိုင်သော တီဘီဆေးဝါးများကို ၁၉၄၇ ခုနှစ်မှစတင်၍ ဖော်ထုတ်နိုင်ခဲ့ကြောင်း။

### လျော့နည်းကျဆင်း

ကမ္ဘာ့တီဘီရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုသည် ၂၀၀၄ ခုနှစ်မှစ၍ တဖြည်းဖြည်း လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ သို့သော်လည်း ယနေ့ ကမ္ဘာပေါ်မှာ နှစ်စဉ် တီဘီရောဂါဖြစ်ပွားသူ ၉ဒသမ ၄ သန်းခန့်ရှိပြီး ၁ဒသမ ၈သန်းခန့်သေဆုံးလျက်ရှိကြောင်း၊ တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည် ၁၅နှစ်မှ ၅၄နှစ်ကြားရှိ လူများဖြစ်ကြသဖြင့် တိုင်းပြည်များ၏ ကုန်ထုတ်စွမ်းအား အပေးနိုင်ဆုံးအုပ်စု ဖြစ်ပွားနေသည်ကို တွေ့ရကြောင်း။

ကမ္ဘာ့ တီဘီရောဂါဖြစ်ပွားမှု၏ ၈၅ ရာခိုင်နှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှ ငါးနိုင်ငံဖြစ်သော အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့မှ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘာ့နှစ်စဉ် တီဘီရောဂါဖြစ်ပွားသူ ၉ ဒသမ ၄သန်းခန့်အနက် ကျန်းမာရေးဌာနများသို့ လက်လှမ်းမီ လာရောက်၍ ကုသမှုခံယူသူများသည် ၆၀ ရာခိုင်နှုန်းဖြစ်ပြီး ကျန် ၄၀ ရာခိုင်နှုန်းသည် လက်လှမ်းမမီဘဲ ဆေးကုသမှုခံယူခြင်း မရှိကြောင်း WHO ၏ 2009 TB Update အရ သိရှိရကြောင်း။

### အရှိန်အဟုန်မြှင့်

မြန်မာနိုင်ငံတွင်လည်း ၂၀၀၉ ခုနှစ် တီဘီနှစ်ချုပ် အစီရင်ခံစာအရ စုစုပေါင်း တီဘီလူနာ တစ်သိန်းသုံးသောင်းကျော် ရှာဖွေကုသပေးနိုင်ခဲ့ကြောင်း၊ ရောဂါရှာဖွေမှုနှုန်း ၉၄ရာခိုင်နှုန်းနှင့် ဆေးကုသမှုအောင်မြင်နှုန်း ၈၅ရာခိုင်နှုန်းဖြစ်သည့်အတွက် ထောင်စုနှစ် ရည်မှန်းချက်ကို ပြည့်မီခဲ့ကြောင်း၊ သို့အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် အချို့မြို့နယ်များတွင် တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း ရည်မှန်းချက်ပြည့်မီရန် လိုအပ်လျက်ရှိကြောင်း၊ ထိုဒေသများရှိ ကျန်းမာရေးဌာနများနှင့် လက်လှမ်းမမီသည့် ဝေးလံခက်ခဲ

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေ ကိုယ်စားလှယ် Dr.Leonard Ortega ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။** (သတင်းစဉ်)

ဒေသ၊ နယ်စပ်ဒေသနှင့် ကျေးရွာများရှိ တီဘီရောဂါ ဝေဒနာရှင်များကို ဆောလျင်စွာ ရှာဖွေရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လက်လှမ်းမမီသည့် တီဘီဝေဒနာရှင်များနှင့် တီဘီရောဂါနှင့် စပ်လျဉ်းသည့် ကျန်းမာရေးအသိနည်းပါးသူများကို နည်းလမ်းသစ်များ အသုံးပြု၍ အရှိန်အဟုန်မြှင့်ကာ အမြန်ရှာဖွေဖော်ထုတ်ကုသပေးကြရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၁၉၇၈ခုနှစ်မှစ၍ တီဘီ၏ ဘီစီဂျီအဖွဲ့ကို တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စတင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၄ခုနှစ်မှစ၍ တီဘီတိုက်ဖျက်ရေး လုပ်ငန်းများကို မြို့နယ်အခြေခံ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၃ခုနှစ်တွင် တစ်နိုင်ငံလုံးကို လွှမ်းခြုံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

တီဘီဆေးယဉ်ပါးမှု မဖြစ်စေရေးအတွက် ဆေးကုသမှု မှန်ကန်စေရန် Fixed Dose Combination များကို အသုံးပြုခဲ့ပြီး ယခုအခါ လူနာတစ်ဦးချင်းစာ Patient Kit များကို သုံး၍ ကုသပေးလျက်ရှိကြောင်း၊ ဆေးယဉ်ပါးမှု တီဘီရောဂါရှာဖွေရေးအနေဖြင့် "မော်လီကျူးလာဓာတ်ခွဲစမ်းသပ်နည်း" ကိုသုံး၍ ဆေးယဉ်ပါးမှုအဖြေကို နှစ်ရက်အတွင်း သိရှိနိုင်တော့မည်ဖြစ်ကြောင်း၊ International Standard for TB Care (ISTC) အတွက် ဆေးတက္ကသိုလ်များတွင် Training of Trainers သင်တန်းများပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပူးပေါင်း၍လည်း ပြင်ပဆေးခန်း ဆရာဝန်များကို ISTC သင်တန်းများပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း တီဘီရောဂါအသိပညာ ပိုမိုရရှိ အသုံးပြုတတ်စေရန် ကျန်းမာရေးပညာပေးခြင်း၊ နည်းလမ်းအသစ်များအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

### တိုးချဲ့ဆောင်ရွက်

TB/HIV ဝေဒနာရှင်များအတွက် သင့်လျော်သည့်ကာကွယ်ကုသမှုနှင့် ART ဆေးကုသပေးခြင်းကို မြို့နယ် ၁၁မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပြီး ကျန်မြို့နယ်များသို့လည်း တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဆေးယဉ်ပါးတီဘီ (MDR-TB)၏ အခြေအနေကို သိရှိနိုင်ရန် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဒုတိယအကြိမ်စစ်တမ်းကောက်ယူခဲ့ရာ တီဘီလူနာရှင်များတွင် ၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် ပြန်ကုတီဘီလူနာဟောင်းများတွင် ၁၀ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဆေးယဉ်ပါးသည့် တီဘီရောဂါ မဖြစ်ပွားစေရန်နှင့် ဖြစ်ပွားသည့် တီဘီလူနာများကို ကုသမှုပေးနိုင်ရန်အတွက် မိမိနိုင်ငံနှင့် သင့်လျော်မည့် Treatment Guide Line များ ပြုစုပြီး ရန်ကုန်တိုင်း ငါးမြို့နယ်နှင့် မန္တလေးတိုင်း ငါးမြို့နယ်တို့မှ ဆေးယဉ်ပါးသည့် တီဘီလူနာများကို ၂၀၀၉ ခုနှစ် ဇူလိုင် ၁ရက်မှ စတင်၍ ကုသပေးလျက်ရှိကြောင်း၊ ၂၀၀၉ခုနှစ် ဇွန်လမှစတင်ပြီး မြန်မာတစ်နိုင်ငံလုံး တီဘီရောဂါ စစ်တမ်းကောက်ယူခြင်း၊ (National TB Prevalence Survey) ကို ပြုလုပ်လျက်ရှိကြောင်း၊ အလားတူ အထောက်အကူဖြစ်စေမည့် အသုံးချ သုတေသနများကိုလည်း ဆက်လက်ဆောင်ရွက်ပြီး တွေ့ရှိချက်များကို တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးချဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ရန်ပုံငွေကို (၁၉၉၅-၁၉၉၆) ခုနှစ်တွင် ငွေကျပ် ၁၄ ဒသမ ၅ သန်းမှ (၂၀၀၈-၂၀၀၉)ခုနှစ်တွင် ငွေကျပ် ၄၇၅သန်းအထိ တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ အကောင်အထည်ဖော်မည့် (National Strategic Plan) ငါးနှစ်စီမံကိန်းကို ရေးဆွဲပြီး လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ၂၀၁၀ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဗဟိုအခမ်းအနားကို နေပြည်တော်တွင် ကျင်းပနေသကဲ့သို့ ကျန် တိုင်း/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အချို့တွင်လည်း ကျင်းပလျက်ရှိပြီး တီဘီရက်သတ္တပတ်လှုပ်ရှားမှုများကို မြို့နယ်တိုင်းမှာ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်၍ ဆောင်ရွက်ကြရန်၊ ပိုမိုကောင်းမွန်ပြီး မိမိတိုင်းပြည်နှင့် ကိုက်ညီမည့် နည်းလမ်းသစ်များကို အသုံးပြုဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

### ဖတ်ကြား

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော ၂၀၁၀ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

### နည်းလမ်းသစ်အသုံးပြု

၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်မှာ "Oh the move against Tuberculosis Innovate to accelerate action" ဖြစ်ပြီး "နည်းသစ်တီထွင် အရှိန်မြှင့်တင် တီဘီကင်းစင် မြန်ပြည်တစ်ခွင်" ဟူ၍ မြန်မာဘာသာ ပြန်ဆိုထားပြီး ဆောင်ပုဒ်ပါ နည်းလမ်းသစ်များမှာ တီဘီဆေးအသစ်များ၊ ရောဂါရှာဖွေ နည်းအသစ်နှင့် တီဘီရောဂါကာကွယ်ဆေး (Vaccine) အသစ်များ ရှာဖွေဖော်ထုတ်နိုင်ရန် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် လက်လှမ်းမီပြီး ပိုမိုထိရောက်သော တီဘီရောဂါစောင့်ရှောက်မှုရရှိရန်၊ အသုံးချသုတေသနများပြုလုပ်ကာ ရရှိလာသည့် ရလဒ်များကို အသုံးပြု၍ ဆောင်ရွက်ခြင်း၊ ပြည်သူလူထုထဲမှ တီဘီဝေဒနာရှင်များအား ရှာဖွေပြီး ကုသမှုရရှိရန် နည်းလမ်းသစ်များ သုံး၍ အကူအညီပေးခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တီဘီရောဂါကို အရှိန်မြှင့် တိုက်ဖျက်နှိမ်နင်းခြင်း၊ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို အခြေခံ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ပဏာမကျန်းမာရေး စောင့်ရှောက်မှုနည်းဖြင့် ဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် လူမှုရေးအဖွဲ့အစည်းများက တီဘီဝေဒနာရှင်များအား လိုအပ်သော ပံ့ပိုးကူညီမှု ပိုမိုပေးနိုင်ရန် နည်းလမ်းသစ်များ ရှာဖွေဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွင်း တီဘီရောဂါနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာများ ပိုမိုရရှိ အသုံးချတတ်ရန်အတွက် နည်းလမ်းသစ်များ အသုံးပြု၍ ဆောင်ရွက်ခြင်း စသည်တို့ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဟယ်လင်းနစ်နိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၀ ခုနှစ် မတ် ၂၅ရက်တွင်ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့(ချ်) အေ ပါပန်ဒရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၃-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်၊
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ခန္ဓာ၊ အာယတန၊ ဓာတ်မပြတ်လည်ရာ သံသရာပဋိစ္စသမုပ္ပါဒ်** တရားတော် ဆရာတော်အရှင်သောဘန
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၀)
- ၈:၃၀ Sports World (Figure Skating)
- ၈:၅၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ဝါဆိုဖယောင်းတိုင်**
- ၉:၂၅ Box Office Movies (Star Trek)
- ၁၀:၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေသက်လွင်နှင့် တွေ့ဆုံခြင်း)
- ၁၀:၃၀ တူညီသောလက်၊ ကူညီသောအားနှင့် i Love Myanmar
- ၁၀:၅၀ SINGAPORE Sunday
- ၁၁:၂၀ **ဘိသိက်ပြိုင်** ဗီဒီယိုဇာတ်ကား အကယ်ဒမီ မိုးဒီ၊ ဇော်ဝင်းနိုင်(မန်း) နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဉာဏတင်စိုး)
- ၁:၀၀ **ခန္ဓာ၊ အာယတန၊ ဓာတ်မပြတ်လည်ရာ သံသရာပဋိစ္စသမုပ္ပါဒ်** တရားတော် ဆရာတော်အရှင်သောဘန
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (We Love You Michael-1)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၀)
- ၄:၁၀ ပုံဖော်ထုဆစ်အနုလက်ရာ ကျောက်စိမ်းပန်းပုရုပ်အသွင်မှာ
- ၄:၂၅ Omega-3 fatty acids
- ၄:၅၀ ရန်ကုန်မြင်ကွင်းကျယ် (အထက-၄ ပုဇွန်တောင် ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဌမအကြိမ် အာစရိယပူဇော်ပွဲ)
- ၅:၁၀ တူညီသောလက်၊ ကူညီသောအားနှင့် i Love Myanmar
- ၅:၃၀ အနုပညာမိုးကောင်းကင်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဂီတသရုပ်ပြခန်း (အေသင်ချိုဆွေ-ပေါက်တဲ့အိုး)
- ၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် (လောကအလှပန်းသဘာဝ)
- ၇:၀၅ Fashion Music Festival (We Love You Michael-1)
- ၇:၄၅ ဈေးဝယ်လမ်းညွှန် (Popular Book Store)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Box Office Movies (Star Trek)
- ၉:၀၅ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၀)
- ၁၀:၀၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ဝါဆိုဖယောင်းတိုင်**
- ၁၀:၃၀ ဂီတသရုပ်ပြခန်း (အေသင်ချိုဆွေ-ပေါက်တဲ့အိုး)
- ၁၀:၅၅ ရန်ကုန်မြင်ကွင်းကျယ် (အထက-၄ ပုဇွန်တောင် ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဌမအကြိမ် အာစရိယပူဇော်ပွဲ)
- ၁၁:၀၅ SINGAPORE Sunday
- ၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် (လောကအလှပန်းသဘာဝ)
- ၁၁:၄၅ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၁၁:၅၅ စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
- ၁၂:၁၀ တိုးတက်စည်ပင် ပတ္တမြားမြေတစ်ခွင်
- ၁၂:၂၅ ကဏ္ဍာစုံလင်အားကစားအစီအစဉ်

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## Kaung Myat Myanmar Amateur Open Golf Championship 2010 ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂၄**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kaung Myat Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးသော Kaung Myat Myanmar Amateur Open Golf Championship 2010 ဂေါက်သီးရိုက် ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်ကို မတ်၂၄ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

**ဦးဆောင်ကစား**

**Kaung Myat Myanmar Amateur Open Golf Championship 2010 ဂေါက်သီးရိုက် ပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်တွင် သိန်းအေးက နှစ်ရက် ပေါင်း ၁၄၃ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိစဉ်။** (ဂေါက်သီးအဖွဲ့ချုပ်)

### (၁၈)ကျင်းပြိုင်ပွဲ

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် သိန်းအေးက နှစ်ရက်ပေါင်း ၁၄၃ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ စိုးမိုးဝင်းက နှစ်ရက်ပေါင်း ၁၄၄ချက်ဖြင့် ဒုတိယ၊ နေဗလဝင်းမြင့်နှင့် တင်လင်းကိုတို့က နှစ်ရက်ပေါင်း ၁၄၅ချက်စီဖြင့် တတိယလိုက်နေကြပြီး မျိုးဝင်းအောင်နှင့် မောင်မောင်ဦးတို့က နှစ်ရက်ပေါင်း ၁၄၈ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက်ရည်ရွယ်၍ Main Sponsor အဖြစ် Kaung Myat Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးပြီး ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)က ထပ်မံ၍ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၄- ၃-၂၀၁၀ရက်တွင် ကမ္ဘောဘဏ်လီမိတက်၏ နေပြည်တော်ရုံးချုပ်နှင့် ဘဏ်ခွဲကို နေပြည်တော်၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
**G-4 အုပ်စု ကုမ္ပဏီ။**



# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၄- ၃-၂၀၁၀ရက်တွင် ကမ္ဘောဘဏ်လီမိတက်၏ နေပြည်တော်ရုံးချုပ်နှင့် ဘဏ်ခွဲကို နေပြည်တော်၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

ဦးရန်ဝင်း (A1 ဆောက်လုပ်ရေးကုမ္ပဏီ)၊
ဦးသာဌေး (Original Group ဆောက်လုပ်ရေးကုမ္ပဏီ)၊
ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ)၊
ဦးသက်လင်း (TZTM ဆောက်လုပ်ရေးကုမ္ပဏီ)။



ငွေဆောင်တမ်းခြေ (၁၀) နှစ်မြောက် အထိမ်းအမှတ်ပွဲတော်
* Miss Ngwe Saung 2010 ရွေးချယ်ပွဲ ................ 26.3.2010 ညနေ ၅း၀၀ နာရီ
* Beach Music Festival ................ 26/27.3.2010 ညနေ ၅း၀၀ နာရီ
၁၀ နှစ်ပြည့် ဂိုးကျည်ပြိုင်ပွဲ၊ ကလေးငယ်များ ပျော်ပွဲရွှင်ပွဲ၊ စားစီစားကုံးပြိုင်ပွဲ၊ ဓာတ်ပုံပြပွဲ

## (၆၅)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ရေတာရှည်၌ ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်

ရေတာရှည် မတ် ၂၄

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စိမ့်ဝိုင်း-ကျောက်အိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ရက်က အဆိုပါလမ်းထိပ်မုခ်ဦးရှေ့၌ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျေးလက်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လမ်းကို ဖြတ်သန်းကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

**ကုန်ကျ**

အဆိုပါကျောက်ချောလမ်းသစ်သည် စိမ့်ဝိုင်းကျေးရွာမှ ရန်ကုန်-မန္တလေးလမ်းမကြီးအထိ ပေါက်ရောက်၍ လမ်းအရှည်ပေ ၃၇၅၀ ရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၂၃၂သိန်းခန့် ကုန်ကျခဲ့သည်။ **(မြို့နယ်စည်ပင်)**

## ကော့မှူးအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

*ရန်ကုန် မတ် ၂၄*

*ကော့မှူးမြို့ အထက်တန်းကျောင်း၌ ၁၉၅၃ခုနှစ်မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမများအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ပြည်တော်သာ အမက(ယခင်အထကကျောင်းဟောင်း)၌ ကျင်းပမည်ဖြစ်သည်။ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံစုံညီညီမပျက်မကွက် တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဦးမြသိန်း ဖုန်း-၂၄၅၄၆၅၊ ဦးရွှေမြ ဖုန်း-၂၂၅၀၅၃၊ ဦးကြင်စိုး ဖုန်း-၂၆၄၁၄၆၊ ဒေါ်ခင်စု ဖုန်း-၂၆၄၀၂၅၊ ဒေါ်သန်းညွန့် ဖုန်း-၂၁၀၇၆၁၊ ဦးဝင်းမြင့်(ဒုတိယညွှန်ချုပ်)ဖုန်း-၀၆၇-၄၀၄၀၉၈၊ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)ဖုန်း-၆၉၉၆၃၇၊ ဦးမောင်မြင့် ဖုန်း-၂၉၅၅၂၁၊ ဦးအေးသောင်း ဖုန်း-၀၅၆-၂၁၂၅၂၊ ဦးဝင်းကြိုင်(ရွှေတိဂုံဂေါပကအဖွဲ့ရုံး)ဖုန်း-၂၅၁၈၅၁၊ ဗိုလ်မှူးကြီး အောင်မျိုးသန့် ဖုန်း-၀၉-၈၀-၃၂၉၇၅နှင့် ဦးစောလွင် ဖုန်း-၀၉-၅၁-၆၆၂၂၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။* ***(မြန်မာ့အလင်း)***

## ကျိုင်းတုံ မူလတန်းကြိုကျောင်း နှစ်ပတ်လည် ဆုနှင်း

ကျိုင်းတုံ မတ် ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ကျိုင်းငမ်း မူလတန်းကြိုကျောင်း၏ (၄၁) နှစ်မြောက် နှစ်ပတ်လည် ဆုနှင်းသဘင်နှင့် ပဒေသာကပွဲကို မတ် ၁၀ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်တင့်က ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆုရရှိသူ ရင်သွေးငယ်များအား ဧည့်သည်တော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုများ ပေးအပ်ချီးမြှင့်ပြီး **(အောက်ပုံ)** ရင်သွေးငယ်များ၏ ပဒေသာကပွဲဖြင့် ကပြဖျော်ဖြေခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

## သန့်ရှင်းသော သောက်သုံးရေရရှိရေး ရေနံချောင်း၌ ဆောင်ရွက်

ရေနံချောင်း မတ် ၂၄

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြို့ရေပေးရေးစက်ရုံရှိ အမှတ်(၃)ရေစိမ့်တွင်း၊ သဲဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၁၅ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ချိုချိုက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

## သစ်အခြေခံစက်ရုံ အလုပ်ရုံများ အုပ်ချုပ်မှုကျွမ်းကျင် သင်တန်းဖွင့်

*ရန်ကုန် မတ် ၂၄*

*သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် သစ်အခြေခံစက်ရုံ၊ အလုပ်ရုံများ၏အုပ်ချုပ်မှု ကျွမ်းကျင်သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီတွင် မန္တလေးမြို့ရှိ ဝင်းမာလာအောင် သစ်အချောထည်စက်ရုံ၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်ကုမ္ပဏီပိုင်ရှင်များနှင့် သင်တန်းသား ၃၅ဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က အမှာစကားပြောကြားသည်။* ***(သတင်းစဉ်)***

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်
နေပြည်တော်ရုံးချုပ်နှင့် ဘဏ်ခွဲကို
၂၄-၃-၂၀၁၀ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးဇော်ဇော်**
**ဥက္ကဋ္ဌ**
**မက်စ်(မြန်မာ)ကုမ္ပဏီအုပ်စု။**




၁၉၈၂ နှင့် ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ ပထမနှစ် စတင်တက်ရောက်ခဲ့ကြသော

## ဘူမိဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

**သူငယ်ချင်းတို့ရေ....**

**ဆရာ ဆရာမတွေကို အတူတူ ဂါရဝပြုကြရအောင်....**

နေ့ရက် - ၂၈-၃-၂၀၁၀ (တနင်္ဂနွေနေ့)
အချိန် - ညနေ ၅း၀၀ မှ ည ၉း၀၀ အထိ
နေရာ - ရွှေဘဲစားတော်ဆက်(ကန်တော်မင်ပန်းခြံ)

ဆက်သွယ်ရန်-

| | | | |
|---|---|---|---|
| မြတ်လှိုင် | ဖုန်း-၀၉-၅၀၀၄၄၆၇ | ခိုင်စိုး | ဖုန်း-၀၉-၅၅၀၄၈၈၈ |
| သိန်းထွန်း(တရုတ်ကြီး) | ဖုန်း-၀၉-၈၅၇၈၆၁၅ | ဆွေသန်းမောင် | ဖုန်း-၀၉-၅၁၂၈၂၉၂ |
| သန့်ဇင်(ပင်ပေါင်) | ဖုန်း-၀၉-၅၀၀၄၃၉၇ | လှမော် | ဖုန်း-၀၉-၅၀၀၈၈၃၀ |
| ပွင့်သွယ်ဝင်း | ဖုန်း-၀၉-၉၉၇၀၆၇၅ | ဝင်းမြင့် | ဖုန်း-၀၉-၅၁၂၈၇၅၅ |
| သိန်းစိုး | ဖုန်း-၀၁-၇၀၇၇၃၆ | ဂါဂါနီသန်းလှိုင် | ဖုန်း-၀၉-၉၂၄၄၉၃ |
| ဝင်းဇော်ရှိန်(ဆူပါကြီး) | ဖုန်း-၀၁-၇၂၂၉၈၉ | ဖြူဖြူရွှေ | ဖုန်း-၀၁-၆၅၇၀၂၅ |

## Congratulations For Opening Ceremony "Max Cement Factory"

Max Myanmar Manufacturing Co.,Ltd. မှ "Max Cement" ဘိလပ်မြေစက်ရုံသစ်ကို နေပြည်တော်၌ ၁၉-၃-၂၀၁၀ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် "Max Cement" ဘိလပ်မြေစက်ရုံကြီး၏ လုပ်ငန်းဆောင်တာများ အစွန့်ရှည်တည်တံ့ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**U Aung Kaung- Daw Aye Aye Nwet**
**Ye Nadi Motor**

## T.T.C ကျောင်းသား ကျောင်းသူဟောင်းများ ဂေါက်သီးရိုက်ကစားရင်း မိတ်ဆုံစားကြမည်

၂၈-၃-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် တည်းကုန်းရန်ကုန်ဂေါက်ကလပ်၌ T.T.C ကျောင်းသား ကျောင်းသူဟောင်းများ ဂေါက်သီးရိုက် ကစားရင်း မိတ်ဆုံစားကြမည်ဖြစ်ပါ၍ ပါဝင်ကစားလိုသူများ အောက်ပါပုဂ္ဂိုလ်များထံ ၂၆-၃-၂၀၁၀ရက်(သောကြာနေ့) နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်-

| | |
|---|---|
| ဦးမြင့်သိန်းတင် (၆၉) | ဖုန်း-၃၈၃၇၂၁၊ ၀၉-၅၀-၀၉၆၄၂၊ |
| ဦးဇော်ဝင်း (၆၉) | ဖုန်း-၂၀၁၂၅၂(ရုံး)၊ ၀၉-၅၁-၈၈၃၀၈၊ |
| ဦးကြည်လွင် (၇၈) | ဖုန်း-၀၉-၅၅-၀၀၅၃၇၊ |
| ဒေါ်ဝင်းဝင်းညွန့် (၇၈) | ဖုန်း-၀၉-၅၁-၁၃၆၇၁၊ |
| ဒေါ်မာလာမြင့် (၇၈) | ဖုန်း-၅၂၄၄၇၃၊ ၀၉-၅၁-၁၃၆၆၉၊ |
| ဦးကျော်မိုးခိုင် (၇၉) | ဖုန်း-၂၄၅၆၅၈၊ ၀၉-၅၀-၄၂၄၂၁၊ |
| ဦးမျိုးသိမ်း (၈၀) | ဖုန်း-၂၁၀၈၃၆၊ ၀၉-၅၀-၀၂၂၅၄၊ |
| ဒေါက်တာမိုးတင် (၈၂) | ဖုန်း-၀၉-၉၉-၂၇၁၇၁။ |



**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်မျိုးမင်းထွန်း၏ နိုင်ငံကူးလက်မှတ် အမှတ် ၄၇၆၆၅၀ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁-၄၇၉၁၅။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

(ဦးမြင့်အောင်)-ဒေါ်သန်းသန်းမြင့်တို့၏သား မောင်ဇော်ထွေးအောင် ၁၂/တမန(နိုင်)၀၅၂၂၈၀သည် မိခင် ခွင့်မလွှတ်နိုင်သည့် ပြောဆိုပြုမူခြင်းတို့ကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ဒေါ်သန်းသန်းမြင့် ၁၂/တမန(နိုင်)၀၅၁၅၂၉။**

## သန့်ရှင်းသောသောက်သုံးရေရရှိရေး တီးတိန်၌ ဆောင်ရွက်

**တီးတိန် မတ် ၂၄**

တီးတိန်မြို့နယ် ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မြို့မှ ၁၄မိုင်ခန့်ကွာဝေးသောရှာလ်တန်ရေပင်ရင်းများနှင့် ရေစုကန်များသို့ သွားရောက်ပြီး အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဦးဆောင်သော စည်ပင်ဝန်ထမ်းများက မတ် ၂၁ရက်တွင် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



**Tender Notice**

Project Title: Food Security and Livelihood Recovery in Dedaye and Bogale Townships, Ayeyarwady Division, Burma/ Myanmar

Cesvi project Code: BIR 883

Donor: EC

Donor Project Code: DCI-FOOD/2009/209-290

Procedure Code: BIR 883/OLT/01

CESVI Italian NGO operating in Myanmar, is going to implement a Food Security Project in partnership with WHH, German NGO, funded by European Commission(contract DCI-FOOD/2009/ 209-290)that provides for the supplying of the following items:

- LOT 1-Chemical fertilizers
- LOT 2-Organic fertilizers

Applicants interested in the tender can collect the tender dossier within 29 OF MARCH 2010,5pm,at Cesvi Offices, address 111 A University Avenue, Kamayut Township, Yangon. Tel:01-511147/513884

The envelopes must be handed to the above address before 12 am on the 23/04/2010.This deadline has to be considered as a fix term and CESVI will not accept any delay justification *even if due to the post service.*

Any application received after this deadline will not be considered.

## ဂုဏ်ယူဝမ်းမြောက်ခြင်း

**Max Myanmar Co., Ltd.** ၏ တောင်ဖီလာ၊ နေပြည်တော် လယ်ဝေး (တောင်ဖီလာ)ရှိ **Max Cement** စက်ရုံသစ်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးကျော်ပိုင်(ဥက္ကဋ္ဌ)နှင့် ဒါရိုက်တာအဖွဲ့**
**ရိုးမဘဏ်လီမိတက်။**

## ကျေးဇူးအထူးဆပ်ပါမည်

ကျွန်တော် ကိုရှင်ထွန်းအောင် ၁၄/ပသရ(နိုင်)၀၀၀၀၈၆ ၏ မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်နှင့် စာရွက်စာတမ်းအချို့ပါသော ပိုက်ဆံအိတ်အနက်ရောင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၅၄၄၀၀၁၊ ၀၉-၅၁-၀၃၁၀၁။**

## ပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် စုပေါင်းဆောင်ရွက်

**နမ့်ခမ်း မတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မတ် ၂၀ ရက် နံနက် ၇နာရီက နောင်စန့်ကုန်းရှိ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ပတ်ဝန်းကျင် ရက်သတ္တပတ် သန့်ရှင်းရေးကို စုပေါင်းဆောင်ရွက်ကြရာ နမ့်ခမ်းမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ မြို့ပေါ် လေးရပ်ကွက်မှ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် DTH စလောင်း လွှဲပြောင်းပေးအပ်တပ်ဆင်

**ဖလမ်း မတ် ၂၄**

ဖလမ်းမြို့နယ် ဘွာလ်ခေါ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကြွန်ဆွမ်းစာကြည့်တိုက် ပေ ၄၀ နှစ်ထပ် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ တန်ဖိုးငွေကျပ်သိန်း ၂၀ရှိ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားနှင့် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသော DTH စလောင်း လွှဲပြောင်းပေးအပ်တပ်ဆင်ပွဲကို မတ် ၁၇ရက် နံနက် ၁၀နာရီက အဆိုပါအဆောက်အအုံသစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စလောင်းလှူဒါန်းရခြင်းရည်ရွယ်ချက်နှင့် ထူထောင်ပြီးသော စာကြည့်တိုက် ရေရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသော DTH စလောင်းကို မြို့နယ်အတွင်းရေးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

## ဖန်းမော် ကောင်းစင့်ကျေးရွာ၌ စာကြည့်တိုက်များရှင်သန်ရေးဆွေးနွေး

ဖန်းမော် မတ် ၂၂

ဖန်းမော်မြို့နယ်ရှိ ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များ အုပ်စုလုံးကျွတ် ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ အစဉ်ဖွံ့ဖြိုးရှင်သန်ရေးတို့ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်နှင့် ဒုတိယဦးစီးမှူး ဒေါ်သီတာအေးတို့ ဦးဆောင်သောအဖွဲ့သည် မတ် ၁၉ရက် နံနက် ၁၀နာရီက ဖန်းမော်မြို့နယ် ကောင်းစင့်ကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကောင်းစင့်၊ နောင်ကာ၊ သပြေကုန်းကျေးရွာများမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

### ဆွေးနွေး

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းချော က အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက စာကြည့်တိုက်အကြောင်းသိကောင်းစရာများ၊ စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ စာကြည့်တိုက်ဖွင့်လှစ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စံ (၅)ချက်ကို လည်းကောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း ဆွေးနွေးဟောပြောပြီး ကျေးရွာစာဖတ်ဝိုင်းများ ကျင်းပခဲ့သည်။

### သုတရသစာအုပ်

ထို့နောက် ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က ကောင်းစင့်ကျေးရွာအတွက် သုတရသစာအုပ်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူးဒေါ်သီတာအေးက နောင်ကာကျေးရွာအတွက် သုတ ရသ စာအုပ်များကိုလည်းကောင်း ပေးအပ်ခဲ့ပြီး ကျေးရွာပြည်သူများအား နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲပြသပေးခဲ့သည့်အပြင် စာကြည့်တိုက်မြေနေရာနှင့် အဆောက်အအုံတို့ကို လိုက်လံကြည့်ရှုသည်။ **(ခရိုင် ပြန်/ဆက်)**

## မိုင်းရယ်မြို့ ရေပေးဝေရေး အလှူငွေပေးအပ်

*မိုင်းရယ် မတ် ၁၅*

*ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် မြို့ရေပေးဝေရေးလုပ်ငန်း အလှူငွေပေးအပ်ပွဲအခမ်းအနားကို မိုင်းရယ်မြို့ပြည်ထောင်စုခန်းမ၌ မတ် ၈ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။*

### *ပြန်လည်ပေးအပ်*

*အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကြည်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့ရေပေးဝေရေးလုပ်ငန်း တည်ဆောက်ရေးအတွက် အလှူငွေကျပ် ၅၂၆၀၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။* ***(အောက်ပုံ) (မြို့နယ် ပြန်/ ဆက်)***

## မြို့နယ် သတင်း ထွေတလာ

## ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဆားလင်းကြီး မတ် ၂၀

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာ တိုးတက်အောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ထောက်ပံ့ငွေကျပ် ငါးသိန်းမတည်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကျေးရွာနေပြည်သူများ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်သော တိုးတက်အောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### ဆွေးနွေး

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် စံ(၅)ချက်နှင့်အညီ စာငှားကတ်စနစ်ဖြင့်ငှားရန် ဆွေးနွေးပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် ဇနီးတို့က စာကြည့်တိုက် ရန်ပုံငွေ လှူဒါန်းပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက သတင်းစာနှင့် ဂျာနယ် အုပ် ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတ ရသ မဂ္ဂဇင်း၊ စာစောင် အုပ် ၅၀ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူး ဒေါ်သဲသဲဝါက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

## သီးနှံအစိုဓာတ်တိုင်း ကိရိယာများအကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ပိုင်အိုးနီးယား ရိတ်သိမ်းချိန်လွန် နည်းပညာဖွံ့ဖြိုးမှုအဖွဲ့နှင့် ဂျပန်နိုင်ငံ Kett Electric Laboratory တို့ ပူးပေါင်းစီစဉ်မှုဖြင့် သီးနှံအစိုဓာတ်တိုင်း ကိရိယာများအကြောင်း ဟောပြောပွဲကို မတ် ၁၆ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် Global Instruments Pte Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr.Chua Chai Lee က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပိုင်အိုးနီးယား ရိတ်သိမ်းချိန်လွန် နည်းပညာဖွံ့ဖြိုးမှုအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော်က သီးနှံအစိုဓာတ်တိုင်းကိရိယာများအကြောင်း ဟောပြောပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် Kett Electric Laboratory မှ မန်နေဂျာ Mr. Norihiro Yoshida က မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ **(အောက်ပုံ)** အထွေထွေမန်နေဂျာ ဦးစိုးဝင်းထံသို့ သီးနှံအစိုဓာတ်တိုင်း ကိရိယာနှစ်စုံကို ပေးအပ်လှူဒါန်းပြီး အသုံးပြုပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

## အရန်သားဖွားသင်တန်းဆင်းပွဲ လပွတ္တာ၌ကျင်းပ

လပွတ္တာ မတ် ၂၂

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မာတေလ်ဆာ အင်တာနေရှင်နယ်အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အရန်သားဖွား ဆရာမ ခြောက်လ သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀နာရီက လပွတ္တာမြို့ အမှတ် (၇)ရပ်ကွက် အာဆီယံ သင်တန်းခန်းမ၌ ကျင်းပသည်။

### ဆုချီးမြှင့်

အခမ်းအနားတွင် ခုတင် (၂၀၀) ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲအေးက **(အပေါ်ပုံ)** သင်တန်းဆင်းအမှာစကား ပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာသန်းသန်းဝင်းက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ် ခဲ့ပြီး မာတေလ်ဆာအဖွဲ့မှ Mr.Bijay က သားဖွားပုံးများ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဗိုလ်ချုပ်လမ်း (မြို့ပြ) အုတ်ရေမြောင်းနှင့် ကပ်တိုးများတည်ဆောက်မှုလုပ်ငန်းကို မတ် ၁ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူး ဦးမင်းဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထလာဟာရဲ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် မတ် ၂၂

တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး အခြေခံသင်တန်း (၁/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် ညနေ ၃နာရီက တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ကိုယ်စား ခရိုင်ဦးစီးအရာရှိ ဦးစိုးသန်း **(ယာပုံ)**က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

### တက်ရောက်သင်ကြား

အဆိုပါ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဝန်ထမ်းအသစ် သင်တန်းသား ၁၅ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့သည်။ **(၀၁၆)**

## ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်း သတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

## မီးငြိမ်းသတ်မှုသရုပ်ပြ

သနပ်ပင်မြို့နယ်စည်ပင်သာယာဈေး မီးဘေးကာကွယ်ရေးအတွက် လေ့ကျင့်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးမြင့်ဝေနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်သူဆွေတို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း

## (၆၅) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

❖ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း ဘိန်းခင်း ဖျက်ဆီးခဲ့မှုများ

စာ - ၇

❖ အမိနိုင်ငံတော်ကို ထာဝစဉ် ကာကွယ်စောင့်ရှောက်သွားမည့် သွေးချင်းတို့၏ တပ်မတော်

❖ နွေဦးသစ်လျှင်

❖ ညီညွတ်ကြဖို့ လိုပြီ

ကျော်မင်းခေါင်၏ ဆောင်းပါး စာ - ၈၊ ၉

မောင်မောင်မိုးအောင်၏ ကဗျာ စာ - ၉

ဝေရှင်လင်း၏ ကာတွန်း စာ - ၉

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

### စိတ်ဖိစီးမှုများသော ကလေးငယ်များ စိတ်ကျရောဂါ ဖြစ်စေနိုင်ဟုဆို

မိဘနှင့် အုပ်ထိန်းသူများက ရင်သွေးငယ်များကို သင်ခန်းစာများ အတင်းအကျပ် ကျက်မှတ်စေခြင်း၊ စည်းကမ်းတင်းကျပ်ခြင်းများ ပြုလုပ်ပါက ငယ်ရွယ်စဉ်ကပင် စိတ်ဖိစီးမှုခံရပြီး စိတ်ကျရောဂါ ဖြစ်ပွားစေနိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များကပြောကြားသည်။

*အပြုအမူ*

ရင်သွေးငယ်များအနေဖြင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု အမြဲတမ်းဖြစ်ပေါ်နေပါက ရှင်လန်းတက်ကြွမှု၊ စကားပြောဆိုမှုများ နည်းပါးသွားပြီး တစ်ဦးတည်း ငြိမ်သက်နေထိုင်တတ်သည့် အပြုအမူများ ဖြစ်လာတတ်ကြောင်း၊ အချို့ကလေးငယ်များ၏နေထိုင်ပြုမူပုံမှာ သာမန်ထက်ကြမ်းတမ်းလာတတ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

*ခွင့်ပြု*

ကလေးငယ်များ၏ သဘာဝအရ သူငယ်ချင်းများနှင့် ပျော်ရွှင်လွတ်လပ်စွာ ဆော့ကစားသည့်အချိန်ကို စာမျက်နှာ ၁၀ ကော်လံ ၁ *

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၂) တွင် ဖော်ပြထားပါသည်။